မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်နေ့၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၁၀ ရက်၊ စနေနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၅၀)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း မဘိမ်းမြို့နယ် ရေကြောင်းမှ ဖောင်ဖွဲ့စုန်မျှောရန် အသင့်စုပုံထားရှိသော ကျွန်းသစ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပေါ်တူဂီနိုင်ငံအမျိုးသားနေ့ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၀၆ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သည့် ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အာနီဗယ် ကာဗာကို ဆေးလ်ဗာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်စီမံကိန်းများ ပြည့်မီကျော်လွန်တိုးတက်အောင်မြင်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ဒေသခံတောင်သူလယ်သမားများစီးပွားဖြစ်ထွန်းမှုရှိသော ဆင်းရွှေလီအထူးအထွက်တိုးစပါးစိုက်ပျိုး လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ပြောင်းလဲကျင့်သုံး စိုက်ပျိုးရေးပညာပေးစည်းရုံးလုပ်ကိုင်

နေပြည်တော် ဇွန် ၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းစီမံပေးရန် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန်၆ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာကြရာ ညနေပိုင်းတွင် ကျောက်မဲခရိုင် မိုးမိတ်မြို့နယ် ရွှေသာယာကျေးရွာသို့ရောက်ရှိကြ၍ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ မိုးမိတ်မြို့နယ်မှ ဌာနဆိုင်ရာများက ကြိုဆိုနှုတ်ဆက်ကြကာ မိုးမိတ်မြို့၌ ရပ်နားကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

မြန်မာ့အလင်း

အင်တာနက် သတင်းဓာတ်ပုံ နှင့် ကမ္ဘာ့ဖလား အညွှန်း

သက်တမ်းအရင့်ဆုံး လူသားဒီအင်န်အေ သိပ္ပံပညာရှင်တို့ စူးစမ်းရရှိ

အင်တာနက် သတင်းနှင့်ဓာတ်ပုံ (စာ-၇)

ကမ္ဘာ့ဖလား အင်္ဂလန်အသင်း အဖွင့်ပွဲ ဂျုရတ်ပါဝင်ရေး မရေရာ

စုစည်းတင်ပြသူ-မြင့်မောင်စိုး

(စာ-၁၃)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

နယုန်လပြည့်မဟာသမယ အခါတော်နေ့ ကောင်းကျိုးအပြာပြာ တိုးပွားရရှိစေရန် ကျင့်ကြံအားထုတ်

ယနေ့သည် ၁၃၆၈ခုနှစ် နယုန်လပြည့်နေ့ဖြစ်သည်။

နယုန်လ၌ မြတ်လေး၊ စံပယ် ကြက်ရုန်းပန်းတို့သည် သာယာတင့်ဆန်းပွင့်လန်းကြကုန်လျက် ရနံ့သင်းထုံ ကြိုင်လှိုင်ကြကုန်သည်။

ရှေးအခါက နယုန်လတွင် စာပွဲသဘင် ဆင်ယင်ကျင်းပခဲ့ကြသည်။

ဗုဒ္ဓဘုရားရှင်သည် နယုန်လပြည့်နေ့၌ **"မဟာသမယသုတ်တော်"**ကို သက္ကတိုင်း၊ ကပိလဝတ်မြို့အနီးရှိ မဟာဝုန်တော၌ ဟောကြားတော်မူခဲ့သည်။ မဟာသမယသုတ်တော်ကို မြတ်စွာဘုရားရှင် ဟောကြားစဉ်က နတ်၊ ဗြဟ္မာတို့သည် စည်းဝေးရောက်ရှိကြသည်။ မဟာဝုန်တောမှ နတ်များက ဘုရားဖူးတရားနာရန် ဆော်ဩသံကို ကြားသိရသဖြင့် စကြဝဠာတိုက် တစ်သောင်းရှိ နတ်၊ ဗြဟ္မာများအားလုံးတို့သည် မြတ်စွာဘုရားရှင်ရှိရာ မဟာဝုန်တောသို့ စည်းဝေး လာရောက်ကြလေသည်။

ဤစကြဝဠာမြေပြင်မှ ပထမဈာန် ဗြဟ္မာဘုံအထိ အလွန်ကျယ်ပြန့်သောနေရာသို့ နတ်၊ ဗြဟ္မာများ ရောက်လာကြသည်မှာ ပြည့်ကျပ်လျက်ရှိသည်။ ဤမျှ ကြီးကျယ်များပြားလှသော နတ်ဗြဟ္မာပရိသတ်ကြီး တရားနာရန် စုဝေးလာရောက် ပေါင်းဆုံမိခြင်းကြောင့် ပထမသင်္ဂါယနာတင် အရှင်မြတ်များက ဤသုတ်တော်ကို မဟာ=ကြီးကျယ်များပြားသော၊ သမယ=အစည်းအဝေး၊ သုတ္တ=ဟောကြားတော်မူသောစကားအစဉ် ဖြစ်သည့်အတွက် **"မဟာသမယသုတ္တ"**ဟူ၍ အမည်သတ်မှတ်တော် မူခဲ့ကြပေသည်။

နတ်၊ ဗြဟ္မာများ စုံစုံလင်လင်စည်းဝေးမိသောအချိန်တွင် "မဟာသမယသုတ်"ကို မြတ်စွာဘုရားက တရားနာရန် ရောက်ရှိနေကြသော နတ်၊ဗြဟ္မာများအား မိန့်တော်မူပြီးနောက် နတ်၊ ဗြဟ္မာတို့၏ စရိုက်နှင့်လျော်ညီသော သုတ်ခြောက်သုတ်ကို ဆက်လက်ဟောကြားတော်မူသည်။ ထိုသုတ်ခြောက်သုတ်သည် သုတ်အမည်သီးသန့်စီရှိသော်လည်း နတ်၊ ဗြဟ္မာ အစည်းအဝေး၌ပင် ဟောကြားတော်မူခြင်းကြောင့် ထိုသုတ်ခြောက်သုတ်ကိုပါပေါင်း၍ မဟာသမယသုတ် ခုနစ်သုတ်ဟု သာသနာ၌ သတ်မှတ်ခေါ်ဆိုခဲ့သည်။

မဟာသမယသုတ်ကို နတ်တို့က ချစ်ခင်နှစ်သက်မြတ်နိုးကြသဖြင့် မြို့သစ်တည်ခြင်းမင်္ဂလာ အခမ်းအနား၌ ရဟန်းတော်များက ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

သို့ဖြစ်၍ နယုန်လပြည့်ကာလတွင် **"မဟာသမယသုတ်"**တော်ကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် လောကီ လောကုတ္တရာ ကောင်းကျိုးအဖြာဖြာကို တိုးပွားရရှိအောင် ကျင့်ကြံနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်း

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အမှာစကားပြောကြား

နေပြည်တော် ဇွန် ၉

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၅ ရက် နံနက် ၉ နာရီက ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ ဌာနအကြီးအကဲများနှင့် ပြည်နယ်/တိုင်းမန်နေဂျာများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (အပေါ်ပုံ)

အမှာစကားပြောကြား

အစည်းအဝေးတွင် ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်/တိုင်းမန်နေဂျာများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန် လျာထားချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များမှာကြားပြီး ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပညာသင်ထောက်ပံ့ငွေပေးအပ်

ထို့နောက် ဝန်ထမ်းသားသမီးများဖြစ်သော မူလတန်း၊အလယ်တန်း၊ အထက်တန်းကျောင်းသား စုစုပေါင်း ၈၂၄၈ဦးအတွက် ပညာသင်ထောက်ပံ့ငွေကို ဝန်ကြီးကိုယ်စား အထူးအရာရှိ ဗိုလ်မှူးကြီးဝင်းမောင်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်တို့က ရုံးချုပ်အခြေစိုက်စခန်းများနှင့် ပြည်နယ်၊တိုင်းများ၏ ကိုယ်စားလှယ်များကို ပေးအပ်သည်။

ထို့နောက် ပြည်နယ်/တိုင်းမန်နေဂျာများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန် လျာထားချက်တို့ကို တင်ပြကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၀-၆-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၂၀ ၃။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၄။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၈။ ဆရာတော် ဦးဃောသိတ တရားတော် **"ဒါရုကန္ခောပမသုတ် တရားတော်"**

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **"နှလုံးသားရာဇဝင်မှာစာတင်တဲ့အလွမ်း"** **ဒါရိုက်တာ**-စင်ရော်မောင်မောင် **သရုပ်ဆောင်များ**- အကယ်ဒမီ-ရန်အောင်၊ အကယ်ဒမီ-မေသန်းနု
၀၁း၅၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၀ ၄။ မြန်မာသံစဉ်ချိုနှားဝင်
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၀၀ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၁၀ ၇။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသ သတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၃။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၂၄)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ FIFA World CUP Germany 2006 ဘောလုံးပွဲ Trinidad Tobago Vs Sweden (Live)

၁၁-၆-၂၀၀၆ (နံနက်ပိုင်း)

၀၁း၃၀ ၁။ FIFA World CUP Germany 2006 ဘောလုံးပွဲ Argentina Vs Ivory Coast (Live)

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ပြသထားသမျှ အထောက်အထားခိုင်လုံရန်လို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဦးတည်၍ ရှင်းလင်းပြသ

နေပြည်တော် ဇွန် ၉

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် ဇွန် ၇ ရက် မွန်းလွဲ ၂ နာရီက ပဲခူးမြို့ရှိ ဘုရင့်နောင်မင်းတရား၏ ကမ္ဘောဇသာဒီရွှေနန်းတော် တည်ဆောက်ပြသမှု လုပ်ငန်းခွင်သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ (အပေါ်ပုံ)

ဝန်ကြီးက ဘုရင့်နောင်မင်းတရားသည် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ခံ့ညားစွာ တည်ထောင်ခဲ့သောမင်းကြီးဖြစ်ကြောင်း၊ လာရောက်လေ့လာကြည့်ရှုကြသော ပြည်တွင်းပြည်ပသုတေသီများကို ရှင်းလင်းပြသရာတွင် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဦးတည်၍ ရှင်းလင်းပြသရန်လိုကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအားလုံး၌ ပြသထားသမျှသည် သမိုင်းအထောက်အထား ခိုင်လုံရန်လိုကြောင်း၊ ရည်ညွှန်းကိုးကားရာတွင်လည်း နိုင်ငံခြားသား စာရေးဆရာများ၏ ရေးသားချက်များကိုသာ ဖော်ပြခြင်းမပြုဘဲ ဘုရင့်နောင်မင်းမြတ်ကိုယ်တိုင် မော်ကွန်းထိုးလှူဒါန်းခဲ့သော ကမ္ပည်းစာများမှ မူရင်းစာများကို အခါက ကိုးကားဖော်ပြရမည် ဖြစ်ကြောင်း၊ ထို့အပြင် အဆောက်အအုံသစ်များအတွက် ညစ်ညမ်းစေသည့် လင်းနို့၊ခိုများ၏ အန္တရာယ်ကို သိပ္ပံနည်းကျကာကွယ်ရေးအတွက် နည်းလမ်းများ ရှာဖွေရန်လိုကြောင်း၊ ရှေးဟောင်းသုတေသန ဦးစီးဌာနသည် မြန်မာ့သမိုင်းကို သုတေသနပြုတူးဖော်၍ အထောက်အထားရှာဖွေနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ထမ်းအားလုံး မြန်မာ့သမိုင်းနှင့် မြန်မာ့ယဉ်ကျေးမှု ဖြစ်ပေါ်တိုးတက်ပြောင်းလဲခြင်းအစဉ် ကြေညက်စွာသိရှိနားလည်ကြရန်လိုကြောင်း၊ ပဲခူးမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ကြီးမားကျယ်ပြန့်ပါလျက် လူနေအိမ်ခြေများ၏အောက်တွင် ရောက်နေကြောင်း၊ ထို့ကြောင့် ပဲခူးမြို့သူမြို့သားအားလုံးက သမိုင်းကိုသိရှိပြီး အမြတ်တနိုးတန်ဖိုးထားရေးအတွက် အသိပညာပေးရန်လိုကြောင်းဖြင့် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ကြိုပို့ယာဉ်များ အပြိုင်အဆိုင်မောင်းနှင်ခြင်းမပြုရန်ကြပ်မတ် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနားလည်သည့်ယာဉ်မောင်းများသာတာဝန်ပေး

ရန်ကုန် ဇွန် ၉

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှု အဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅ နာရီခွဲက ရန်ကုန်တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက တက္ကသိုလ် ကြို / ပို့ယာဉ်များ အပြိုင်အဆိုင်မောင်းနှင်ခြင်းများမပြုရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်၊ မော်တော်ယာဉ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားလည်သည့် ကျွမ်းကျင်သည့် ယာဉ်မောင်းများကိုသာခန့်အပ်တာဝန်ပေး၍ မောင်းနှင်ကြရန်နှင့် မော်တော်ယာဉ်များအား စီအင်န်ဂျီပြောင်းလဲမှု မြန်ဆန်စေရေး စနစ်တကျ ထိထိရောက်ရောက် ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိတက္ကသိုလ်၊ကောလိပ်များမှပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ် ကြို၊ ပို့ယာဉ်များဆိုင်ရာကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် မော်တော်ယာဉ်များအား စီအင်န်ဂျီသဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) တောင်ဥက္ကလာပနှင့်မြောက်ဥက္ကလာပဆေးရုံများသို့ ဆေးနှင့်ဆေးပစ္စည်းများပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်နွယ်နွယ်နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် တောင်ဥက္ကလာပအမျိုးသမီးနှင့် ကလေးဆေးရုံကြီးသို့သွားရောက်ပြီး ငွေကျပ်သိန်း၆၀တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မူမူညိုက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူနံနက် ၁၀ နာရီတွင် မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၌ ငွေကျပ် ၇၅ သိန်းတန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာနမှညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်း **(အပေါ်ပုံ)** တို့က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တက်ရောက်

အဆိုပါဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲများသို့ ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဆေးရုံများမှ အထူးကုဆရာဝန်ကြီးများ၊သူနာပြုအုပ်များနှင့်ဆရာဝန်ဆရာမများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၆–၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မိသားစုတနင်္ဂနွေ(စွယ်တော်မြတ်စေတီ)
၇း၂၀	မေးကြည့်ဖြေကြည့်ပဟေဠိ (ကျော်ရှိန်း၊စုချစ်ဇော်)
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	ပြည်တွင်းသတင်းအကျဉ်း
၇း၅၅	အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ နှစ်(၆၀)ပြည့်အခမ်းအနား
၈း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	Graphic Design (ဦးမြင့်မောင်ကျော်၊ ဦးမျိုးမြတ်သူ)
၉း၀၅	မိုးလေဝသခန့်မှန်းချက်
၉း၁၀	အန္တရာယ်ကင်းသော မိခင်ဘဝ
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	World Cup Special (Group-H)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	Science Tech Today (ဘိုင်အိုဒီဇယ်ဆီ) [ကိုကို(စက်မှုတက္ကသိုလ်)၊ ဦးထွန်းလွင်]
၁၁း၀၅	အံ့မခန်းဖူးတွေ့စရာ အလောင်းတော်ကဿပလိုဏ်ဂူမှာ
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

လှိုင်သာယာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၂၀၀၆–၂၀၀၇ ခုနှစ် ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစု ၄၈ဦးအတွက် ငွေကျပ် ၁၀၇၀၀၀ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က ပေးအပ်စဉ်။

(၁၈၀)

နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အသက်(၁၀၄)နှစ်အဘွားမွေးနေ့ကျင်းပမည်

ရန်ကုန် ဇွန် ၉

ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ စောင့်ရှောက်ထားသော အသက် ၇၀နှင့်အထက် အဘိုးအဘွား ၂၄၀အနက် အသက်အကြီးဆုံး အဘွားဒေါ်အေးမေ(ရွှေဘိုမြို့ဇာတိ)၏အသက် ၁၀၄နှစ်ပြည့်မွေးနေ့မင်္ဂလာအခမ်းအနားကို အုပ်ချုပ်ရေးအဖွဲ့ကကြီးမှူး၍ ဇွန် ၁၂ ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် သီရိရတနာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါမွေးနေ့တွင် အဘွားဒေါ်အေးမေက သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများလှူဒါန်း၍ နေ့ဆွမ်းဆက်ကပ်မည့်ပြင် ရိပ်သာ၌ အတူနေအဘိုးအဘွားများအား တစ်နေ့စာ ကျွေးမွေးလှူဒါန်းမည်ဖြစ်သည်။ ရိပ်သာ၌ စောင့်ရှောက်ထားသော ဘိုးဘွားများအနက် အသက် ၈၀မှ ၈၉နှစ်ထိ ၁၀၆ဦး၊ အသက် ၉၀မှ ၉၉နှစ်ထိ ၁၈ဦး၊ အသက် ၁၀၀ အထက် အဘွားနှစ်ဦးရှိသည်။

ဘွားအေးမေ၏ မွေးနေ့မင်္ဂလာ အခမ်းအနားတွင် လှူဒါန်းလိုသော စေတနာရှင်များ လာရောက်ဂါရဝပြုလှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာအမျိုးသမီးများဂုဏ်ရည်

❖ ဒို့မြန်မာ ပေါင်းစည်းအား
ဖွဲ့စည်းထားခိုင်မာ
မြန်မာတို့ သမိုင်းမှာ
အစဉ်လာဝင့်ကြွား၊
မာန်အားစိတ်ကိုယ်စီနဲ့
တွဲလက်ညီ ရှေ့ခရီး
ပေါင်းစည်းအလေးထား။

❖ အမျိုးသမီးဘဝတိုးတက်ရေး
အားပေးလို့ညှိနှိုင်းကာ
ယဉ်ကျေးမှုအဖြာဖြာ
ကျန်းမာမှု စီးပွားရေး၊
မျှော်တွေးကာ ဦးဆောင်ပြု
ထောက်ရှုမနှေး။

❖ အကြမ်းဖက်မှု ကာကွယ်ရေး
အလေးပေးစွမ်းဆောင်၊
အမျိုးသမီးထုစုပေါင်းလို့
မြှင့်ခဲ့လူ့ဘောင်။
မြန်မာတို့ဂုဏ်ရောင်
မြင့်မားအောင်စောင့်ထိန်း၊
မျိုးချစ်မာန် ညီညွတ်စိတ်နဲ့
ကောင်းနိမိတ်ဟိန်း။

❖ သက်တမ်းမှာ "ဆယ်"နှစ်
ထွန်းသစ်ခဲ့ သမိုင်းမှတ်တိုင်၊
တွဲလက်ညီ ဆက်ကာလှမ်း
ကမ်းဆင့်မြိုင်ဆိုင်။
မဏ္ဍိုင်ပြုအခြေခိုင်
တွဲလက်ပြိုင် ဖွဲ့စည်း၊
အရေးကြီးလျှင် သွေးနီးလို့
ပေါင်းစည်းမှုစွမ်းသတ္တိ
အားဖြည့်မြှောက်ချီး။ ။

(၂၀၀၆ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်–)

မွှေးငယ်ငယ်

ဂျပန်နိုင်ငံ APC မှ ကိုယ်စားလှယ်အဖွဲ့ ကုန်သည်/ စက်မှုအသင်းချုပ်နှင့်တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဝင်းအောင်နှင့် ဦးသောင်းတင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များအား ဇွန်၇ရက်တွင် ဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာရေးလုပ်ငန်းများ မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ASEAN Promotion Centre (APC) မှ လက်ထောက်ညွှန်ကြားရေးမှူး Mr. Santoshi SADATANI ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၅ ဦးတို့ ပါဝင်သော ရင်းနှီးမြှုပ်နှံမှု အဖွဲ့သည် ရန်ကုန်မြို့ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်သို့ လာရောက်တွေ့ဆုံကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ရေးကိစ္စ၊ ခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်းသည့်ကိစ္စ၊ ပဲမျိုးစုံနှင့် နှမ်းများကို ပြည်ပသို့ အရည်အသွေးမြှင့်တင်ပို့နိုင်ရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် ကိစ္စများ၊ ကွန်ပျူတာနှင့် အိုင်တီနည်းပညာရပ်များ သင်ကြားနေမှုနှင့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်နေသည့်ကိစ္စ၊ အထည်ချုပ်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများဆိုင်ရာကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

လေစွမ်းအင်ထုတ်မည့်သဘောတူညီချက် တရုတ်–ဒိန်းမတ် နှစ်နိုင်ငံလက်မှတ်ရေးထိုး

ပေကျင်း ဇွန် ၉

တရုတ်နှင့်ဒိန်းမတ် နှစ်နိုင်ငံသည် လေစွမ်းအင်ထုတ်မည့် အစီအစဉ်ဆိုင်ရာ သဘောတူညီမှုကို ဇွန်၇ရက်က လက်မှတ်ရေးထိုးခဲ့သည်။

လေစွမ်းအင်ထုတ်လုပ်သည့် တာဝါတိုင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဒိန်းမတ်နိုင်ငံသည် ယင်းအစီအစဉ်အတွက် လာမည့်သုံးနှစ်ကျော်တွင် တရုတ်ယွမ်ငွေ သန်း ၆၀ခန့်ကို မတည်သွားမည်ဖြစ်သည်။ ဒိန်းမတ်၏ အထောက်အကူများဖြင့် တရုတ်နိုင်ငံ၏ လေစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးတွင် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာစွမ်းရည်များ တိုးတက်လာရန်နှင့် ဒေသဆိုင်ရာ အာဏာပိုင်များ ၎င်းတို့၏ လေစွမ်းအင် ဖွံ့ဖြိုးမှုအစီအစဉ်များ တိုးတက်မှုကို အထောက်အကူပြုရန်အတွက် အသုံးပြုသွားမည်ဖြစ်သည်။ ဒိန်းမတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် လေစွမ်းအင် ဖွံ့ဖြိုးမှုတွင် ဦးဆောင်နေသော နိုင်ငံဖြစ်ပြီး လေစွမ်းအင်ဆိုင်ရာ နည်းပညာအတွေ့အကြုံများသော နိုင်ငံလည်းဖြစ်သည်။ နိုင်ငံ၏ စွမ်းအင်မဟာဗျူဟာတွင် စွမ်းအင်အသစ်များသည် အရေးကြီးနေစဉ် တရုတ်နိုင်ငံ၏လေစွမ်းအင်ထုတ်လုပ်မှုပမာဏသည် မကြာသေးမီနှစ်များအတွင်းက အလျင်အမြန်တိုးတက်လာနေကြောင်း တရုတ်အမျိုးသားဖွံ့ဖြိုးမှုနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ဒုတိယအကြီးအကဲ ကျောင်ဂူဘောင်က လက်မှတ်ရေးထိုးပွဲ အခမ်းအနားမိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားသည်။ ၂၀၀၅ခုနှစ်က တရုတ်နိုင်ငံသည် လေမှလျှပ်စစ်စွမ်းအား ထုတ်လုပ်မှုသည် ကီလိုဝပ်ငါးသိန်းအထိ တိုးတက်ခဲ့သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဂုရီရှန်းလေဆိပ်သို့ ဆင်းသက်ရာ၌ ပြေးလမ်းချော်ကျသည့် လေယာဉ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မိုးသည်းထန်စွာရွာသွန်း တရုတ်၌ ခရီးသည်တင် လေယာဉ်ပြေးလမ်းချော်

ပေကျင်း ဇွန် ၉

တရုတ်နိုင်ငံ ဖူကျန်းပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေလျှံခြင်းနှင့် လမ်းများရေလွှမ်းမိုးမှု ဇွန် ၆ရက်က ဖြစ်ပေါ်ခဲ့သည်။

အိန္ဒိယ အရှေ့မြောက်ပိုင်း ဘီဟာပြည်နယ် ပတ္တနာမြို့တွင် မိုးသည်းထန်မှုကြောင့် ရေလွှမ်းနေသည်ကို ဇွန် ၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အသေအပျောက်ရှိ

ရေလွှမ်းမိုးမှုများကြောင့် လူသေဆုံးမှုနှင့် ပျောက်ဆုံးမှုများလည်း ရှိခဲ့သည်။

ဘေးထိုးကျ

ထို့အပြင် တရုတ်အရှေ့ပိုင်း လေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ် ဘိုးရင်း ၇၃၇သည် တရုတ်အရှေ့ပိုင်း ဖူကျန်းပြည်နယ် ဂုရီရှန်း လေဆိပ်သို့ ဆင်းသက်စဉ် လေယာဉ်ပြေးလမ်းပေါ်ရှိ မိုးရေများကြောင့် ပြေးလမ်းချော်၍ ဘေးသို့ထိုးကျခဲ့သည်။

စုံစမ်းစစ်ဆေး

သို့သော် သေဆုံးမှုနှင့်ပတ်သက်၍ အစီရင်ခံတင်ပြခြင်း မရှိသေးပေ။ ယင်းလေယာဉ်ပြေးလမ်းချော်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နမီးဘီးယား၌ လူခုနစ်ဦးသေဆုံး

ဂင်းဟော့ခ် ဇွန် ၉

နမီးဘီးယားနိုင်ငံတွင် မေလအစောပိုင်းကတည်းက ပိုလီယိုရောဂါဟုယူဆရသော ရောဂါဖြင့် လူခုနစ်ဦး သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ဇွန်၆ရက်တွင်ပြောကြားသည်။

ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေး အစီအစဉ်ဆောင်ရွက်ရန် နမီးဘီးယားနိုင်ငံအား တာဝန်ရှိသူများ ဆော်ဩထားသည်။

စစ်ဆေး

ပဏာမစစ်ဆေးချက်များက ပိုလီယိုရောဂါဖြစ်သည်ဟု ရည်ညွှန်းဖော်ပြထားခဲ့သည်။

ယင်းရောဂါ ပပျောက်ရေးအတွက် ကမ္ဘာတစ်ဝန်းမှ ကြိုးပမ်းဆောင်ရွက်လာရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ဆက်သွယ်ထားခဲ့သည်။

ပဏာမ စစ်ဆေးတွေ့ရှိချက်များသည် ပိုလီယိုပိုးရပ်စ်–၁ဖြစ်ကြောင်း ရည်ညွှန်းပြဆိုနေသည်ဟု ကျန်းမာရေး ဝန်ကြီးဌာနမှ အတွင်းရေးမှူး ကာလမ်ဘီရှမ်ဂူလာက သတင်းထောက်များအား ပြောကြားသည်။

ပို့ဆောင်

ပြီးခဲ့သော ရက်သတ္တပတ်က လူနာ ၁၁ဦးမှ စုဆောင်းရယူထားသော နမူနာများကို စစ်ဆေးမှုပြုလုပ်ရန်အတွက် တောင်အမေရိကနိုင်ငံ ဓာတ်ခွဲခန်းသို့ ပို့ဆောင်ပေးခဲ့သည်။

၎င်း၁၁ဦးအထဲမှ ငါးဦး၏နမူနာများမှ ပိုလီယိုရောဂါလက္ခဏာများ ဖော်ထုတ်နိုင်ခဲ့ပြီး ယခုရက်သတ္တပတ် နောက်ဆုံးရက်တွင် အတည်ပြုပေးနိုင်မည်ဟု ခန့်မှန်းထားသည်။ **အမ်အင်အေ၊ရိုက်တာ**

နမီးဘီးယား၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဗီယက်နမ်၌ အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်တည်ဆောက်မည်

ဟနွိုင်း ဇွန် ၉

ဗီယက်နမ်နိုင်ငံ ကွန်နင့်ပြည်နယ်မြောက်ပိုင်း ဗန်ဒွန်ကျွန်းရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီးတစ်ခုကို ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း၌ ထပ်မံတည်ဆောက်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

ကွန်နင့်ပြည်နယ် ဗန်ဒွန်စီးပွားရေးဇုန် ဖွံ့ဖြိုးရေးအစီအစဉ်အရ အဆိုပါ လေဆိပ်တည်ဆောက်ရေး အစီအစဉ်ကို သဘောတူထားသည်။ ယင်းလေဆိပ်ကြီးသည် ပထမဆင့်အနေဖြင့် နှစ်စဉ်ခရီးသည် ၅၀၀၀၀၀မှ ၈၀၀၀၀၀ အထိ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် ၂၀၁၆ခုနှစ်နှင့် ၂၀၂၀ပြည့်နှစ် ကာလအတွင်း ခရီးသည် သုံးသန်းမှ သုံးသန်းခွဲအထိ ဝန်ဆောင်မှု ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ပြည်နယ်ဆိုင်ရာ ပြည်သူ့ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒွိုင်ဟွန်းက ပြောကြားသည်။

မိမိတို့သည် ၂၀၁၀ပြည့်နှစ်တွင် ယင်းလေဆိပ်၏ပုံစံကို ရေးဆွဲပြီးစီးလိမ့်မည်ဖြစ်ကြောင်း၊ ယင်းနောက် ဆောက်လုပ်ရေးကွန်ကရစ်စီမံကိန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းလေဆိပ်တည်ဆောက်ရေးအတွက် နိုင်ငံတော်ဘတ်ဂျက်နှင့် ဒေသဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများမှ လာရောက်ရင်းနှီးမြှုပ်နှံရန် မျှော်လင့်ထားကြောင်း ၎င်းက ပြောကြားသည်။ ဗီယက်နမ်နိုင်ငံသည် ပြည်တွင်းဆိပ်ကမ်းများကို အဆင့်မြှင့်တင်တည်ဆောက်ပြီး ဟနွိုင်းမြို့နှင့် အဆိုပါပြည်နယ်သို့ဆက်သွယ်သည့် အဝေးပြေးလမ်းမကြီးကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံ၏ လေကြောင်းဝန်ဆောင်မှုသည် ပထမငါးလအတွင်း ပြည်တွင်းပြည်ပ ခရီးသည် ၃ဒသမ ၁သန်းကို ဝန်ဆောင်မှုပေးနိုင်ပြီး ကုန်တန်ချိန် ၅၀၈၀၀တန်ကို ပို့ဆောင်ပေးနိုင်ကြောင်း နိုင်ငံ၏ စာရင်းစစ်ရုံးချုပ် စာရင်းများအရ သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်၌ ပြန်ပေးဆွဲခံရသူ ၁၅ဦးပြန်လွတ်လာ

ဘဂ္ဂဒက် ဇွန် ၉

ဘဂ္ဂဒက်အလယ်ပိုင်းတွင် ဇွန် ၅ရက်က ပြန်ပေးဆွဲခံရသူ သယ်ယူပို့ဆောင်ရေးအလုပ်သမား ၅၀ထဲမှ ၁၅ဦး ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဇွန် ၇ရက်၌ ပြောကြားသည်။

ခြေထောက်တွင် သေနတ်ဒဏ်ရာရရှိခဲ့သော လူသုံးဦးအပါအဝင် ၁၅ ဦးစလုံး ညှဉ်းပန်းနှိပ်စက်ထားသည့် လက္ခဏာများကို တွေ့ရသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြန်ပေးသမားများသည် ၎င်းတို့အား ဆီးရီးယားမှလာသော အကြမ်းဖက်သမားများအား အထောက်အကူပေးနေသည်ဟု စွပ်စွဲခဲ့ကြောင်း လွတ်လာသူများက ပြောပြသည်။

တနင်္လာနေ့က ရဲကွန်မန်ဒိုဝတ်စုံ ဝတ်ဆင်ထားသော သေနတ်ကိုင်သမားများသည် ပစ်ကပ်ကားများဖြင့် ရောက်ရှိလာပြီး ဘဂ္ဂဒက်အလယ်ပိုင်းရှိ ဆာဟီယာလမ်းတွင် သယ်ယူပို့ဆောင်ရေးအလုပ်သမားနှင့် ခရီးသည်၅၀အား ပြန်ပေးဆွဲသွားခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗီယက်နမ်၌ မော်တော်ယာဥ်ရောင်းအားတိုးမြှင့်လာ ၁၄၅ဦးလျှင် ယာဥ်တစ်စီးနှုန်း ပိုင်ဆိုင်

ဟန်နွိုင်း ဇွန် ၉

ဗီယက်နမ်နိုင်ငံတွင် ယခုနှစ် ပထမသုံးလတာကာလအတွင်း မော်တော်ယာဥ်များ ရောင်းအားတိုးမြှင့်လာလျက်ရှိကြောင်း၊ မော်တော်ယာဥ်လုပ်ငန်း၄င်းခုမှ သုံးခုသည် အမြင့်မားဆုံးရောင်းခဲ့ရကြောင်း ပြည်တွင်းထုတ် ဆိုင်ရုံ သတင်းစာက ဇွန် ၆ ရက်၌ ဖော်ပြသည်။

အရောင်းရဆုံး မော်တော်ယာဥ်များမှာ ဟိုင်းလန်ဒါ၊ အမ်ပီဗီနှင့် အီစူဇူးတို့ဖြစ်ပြီး ယခုနှစ် ပထမသုံးလတာကာလအတွင်း ဗီယက်နမ် ကားအရောင်းအဝယ်နှုန်း၏ ၈၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အခြားမော်တော်ယာဥ်များဖြစ်သော အင်နိုဗာ၊ တိုယိုတာနှင့် ဖို့ဒ်မော်တော်ကားများသည်လည်း ရောင်းအားကောင်းခဲ့ကြသည်ဟု ဖော်ပြထားသည်။ အမ်ပီဗီမော်တော်ယာဥ်မှာ ၂၀၀၂ခုနှစ်တွင်ဗီယက်နမ်၌ မော်တော်ယာဥ်အမျိုးမျိုးရောင်းရမှု ၁၁ ရာခိုင်နှုန်းကျော် ရောင်းချရပြီး ၂၀၀၃ ခုနှစ် တွင် ၁၂ဒသမ ၁ရာခိုင်နှုန်း၊ ၂၀၀၄ခုနှစ်တွင် ၁၅ရာခိုင်နှုန်းနှင့် ၂၀၀၆ ပထမသုံးလတာကာလ၌ ၂၂ရာခိုင်နှုန်း ရောင်းချခဲ့ရသည်ဟု ဖော်ပြထားသည်။

ထိုသို့ မော်တော်ယာဥ် ရောင်းချရမှု တိုးမြှင့်ခဲ့ရခြင်းမှာ ဗီယက်နမ်ပြည်သူတို့ စီးပွားရေးတိုးတက်လာပြီး ပြည်တွင်းသို့ မော်တော်ယာဥ်တင်သွင်း ရာ၌လည်း ဒီဇိုင်းပုံစံသစ်များနှင့် တွက်ခြေကိုက်သော မော်တော်ယာဥ်များ ဖြစ်သည်ဟုဆိုသည်။

ပိုင်ဆိုင်

ဗီယက်နမ်နိုင်ငံတွင် မော်တော်ယာဥ်လုပ်ငန်း စုစုပေါင်း ၁၃ခုလုပ်ကိုင်လျက်ရှိပြီး တစ်နှစ်လျှင် မော်တော်ယာဥ် ၁၇၃၀၀၀စီး ထုတ်လုပ်လျက် ရှိသည်။ ၂၀၀၅ခုနှစ်လယ်က ဗီယက်နမ်နိုင်ငံသား ၁၄၅ဦးလျှင် မော်တော်ယာဥ်တစ်စီး ပိုင်ဆိုင်ကြသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဇွန် ၆ ရက်၌ တရုတ်တွင် ကလေးမွေးဖွားသူများပြား

ပေကျင်း ဇွန် ၉

တရုတ်နိုင်ငံတွင် နှစ်အလိုက်၊ လအလိုက်နှင့် ရက်စွဲအလိုက် နေ့ကောင်းရက်မြတ်များအဖြစ် သတ်မှတ်ပြီး ရွေးချယ်ကာ လုပ်ငန်းဆောင်တာများပြုလုပ်လျက်ရှိရာ ဇွန် ၆ ရက်ကို ကံကောင်းသောနေ့အဖြစ်သတ်မှတ်ကာ သားသမီးမွေးဖွားမှုများ ပြုလုပ်ခဲ့ကြသည်။ **(အပေါ်ပုံ)**

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေပြည်နယ် ကျင်ဖန်မြို့ရှိ အမှတ်(၁)ပြည်သူ့ဆေးရုံ၌ ဇွန် ၆ ရက်နေ့က သားသမီးမွေးဖွားမှု အရေအတွက်များပြားခဲ့ကြောင်း သိရသည်။

တရုတ်လူမျိုးတို့၏ ရိုးရာဓလေ့အရ ဇွန် ၆ ရက်၊ ၆ လ၊ ၂၀၀၆ ခုနှစ်ဟူသော ၆ ဂဏန်းများသည် ကံကောင်းခြင်းအတိတ်နိမိတ်ကို ဖြစ်စေသည်ဟု အယူရှိသဖြင့် ထိုနေ့၌ ဗိုက်ခွဲမွေးဖွားရန် စာရင်းပေးခဲ့သော မိခင်များ အရေအတွက် အများအပြားရှိခဲ့သည်။

ထိုခြောက်ဂဏန်းများဖြင့် မွေးဖွားလာသော ကလေးငယ်များသည် ဘဝတစ်လျှောက်ကံကောင်းခြင်းကို ဖြစ်စေသည်ဟု ယူဆကြကြောင်းသိရသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

အင်ဒိုနီးရှား၌ ၆ဒသမ၂ရှိ ငလျင်ထပ်မံလှုပ်

ဂျကာတာ ဇွန် ၉

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း အနောက်ဘက်ကမ်းလွန်၌ ဇွန် ၇ရက်က ရစ်ချ်တာစကေး ၆ဒသမ၂ရှိသော ပင်လယ်ရေအောက် မြေငလျင် တစ်ခုလှုပ်ခဲ့ကြောင်း၊သို့ရာတွင် ထိခိုက်မှုအနည်းအကျဉ်းမျှမရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒ ဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

ထိခိုက်မှုမရှိ

ငလျင်ဗဟိုသည် ပင်လယ်ရေမျက်နှာပြင်အောက် ကီလိုမီတာ ၃၀၀ ခန့် (မိုင် ၂၀၀)ခန့်ကို ဗဟိုပြုလှုပ်သွားသောကြောင့် ထိခိုက်မှုမရှိခြင်း ဖြစ်သည်ဟု သိရသည်။

ဖော်ပြ

ထိုမြေငလျင် လှုပ်ခဲ့မှုကြောင့် ဆူနာမီရေလှိုင်းများလည်း ဖြစ်ပေါ်မှုမရှိကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်၌ ဆက်လက်ဖော်ပြထားသည်။

အမ်အင်အေ၊ ရိုက်တာ

ဩစတြေးလျ၌ ငှက်ပျောစိုက်ပျိုးသူနည်းပါးလာ

ဆစ်ဒနီ ဇွန် ၉

ဩစတြေးလျ ငှက်ပျောသီးစိုက်ပျိုးရေးလုပ်ငန်းသည် ဆိုက်ကလုံးမုန်တိုင်း ဖျက်ဆီးမှုကြောင့် ငှက်ပျောပင်များပျက်စီးခဲ့ကြောင်း၊ ငှက်ပျောစိုက်တောင်သူအချို့သည် ငှက်ပျောသီးသူခိုးများ၏ ခြိမ်းခြောက်မှုအသစ်နှင့် ရင်ဆိုင်နေရကြောင်း ရိုက်တာ၌ဖော်ပြသည်။

နယူးဆော့သ်ဝေးစ် အရှေ့မြောက်ပိုင်း၌ ငှက်ပျောသီးသူခိုးများက ငှက်ပျောပင်များ အပင်လိုက်ခုတ်လှဲခိုးယူနေကြသည်။ မတ်လက လာရီမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် ငှက်ပျောသီးဈေးမှာ ခေါင်ခိုက်နေကြောင်း သိရသည်။

ဆစ်ဒနီမြို့ မြောက်ဘက်မိုင် ၁၈၀ အကွာ ကော့ဖ်ဆိပ်ကမ်းမှ ရဲတပ်ဖွဲ့က အဆိုပါ ငှက်ပျောသီးအခိုးခံရသော နေရာများကို လိုက်လံစုံစမ်းနေကြောင်း ပြောကြားသည်။

ယင်းကဲ့သို့ ငှက်ပျောသီးများခိုးယူနေခြင်းကြောင့် ငှက်ပျောသီးတစ်ခိုင်လျှင် ပုံမှန်အားဖြင့် ဩစတြေးလျဒေါ်လာ ၁၀မှ၄၀ ဈေးပေါက်ရာမှာ အရွယ်အစားပေါ်မူတည်၍ တစ်ခိုင်လျှင် ဩစတြေးလျဒေါ်လာ ၁၅၀မှ ၁၈၀ အထိ မြင့်တက်သွားသည်ဟုဆို သည်။

ထိုသို့ငှက်ပျောသီးသူခိုးများကြောင့် ငှက်ပျောစိုက်တောင်သူများနည်းလာသည်ဟုဆိုသည်။

အမ်အင်အေ၊ ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကလေးငယ်များရေးဆွဲထားသော ပန်းချီကား

ကလေးငယ်ပေါင်းများစွာ ရေးဆွဲထားသော ပန်းချီကားကြီး တစ်ခုကို တွေ့ရစဥ်။ (ဝဲပုံ)

အဆိုပါပန်းချီကားကို ကလေးငယ် ၁၀၀၀ကျော်က ပါဝင်ရေးဆွဲထားခြင်းဖြစ်သည်။ ရေးဆွဲပုံမှာ ကလေးငယ်များ၏ လက်ဝါးရာများကို ပိတ်ကားပေါ်တွင် ကြီးမားသော ပန်းပွင့်ပုံသဏ္ဌာန်ပုံ ဖော်ထား ခြင်းဖြစ်သည်။ ၎င်းပန်းချီကားမှာ ကင်းဗတ်ပြားခြောက်ခုကို ထိဆက်ထားသဖြင့် အကျယ်စတုရန်းမီတာ ၄၀၀ ကျော်ရှိသည်။ ပန်းချီကား၏ အမည်ကို "သေးငယ်သောလက်ရာလေးများနှင့် ကြီးမားသော ပန်းပွင့်ကြီးများ"ဟုပေးထားပြီး လန်ဒန်မြို့ ခေတ်သစ်ပန်းချီခန်းမ၌ ပြသထားသည်။ **(အင်တာနက်)**

နှစ်ပေါင်း ၁၀၀ ကျော်က ပစ္စည်းများ

လွန်ခဲ့သောနှစ်ပေါင်း ၁၀၉ နှစ်ခန့်က လက်ရာမြောက် ရှေးဟောင်းပစ္စည်းများကို တွေ့ရစဥ်။(ယာပုံ)



အဆိုပါပစ္စည်းများကို ဆွစ်ဇာလန်နိုင်ငံဇူးရစ်မြို့ရှိ ဘီလာဂိုက်ပြတိုက်၌ပြသထားခြင်းဖြစ်ပြီး တော်ဝင်သုံး လှည်းတစ်စီးနှင့် ဥပုံစံအထိမ်းအမှတ်ပစ္စည်းတို့ဖြစ်သည်။ ၎င်းပစ္စည်းများကို ၁၈၉၇ ခုနှစ်၌ ပြုလုပ်ခဲ့ခြင်းဖြစ်ရာ လွန်ခဲ့သောနှစ် ၁၀၉ခန့်က ပစ္စည်းများဖြစ်သည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

အရီဇိုးနားသဲကန္တာရအတွင်း သေဘေးနှင့်ရင်ဆိုင်ရချိန် ဆဲလ်ဖုန်းအကူအညီဖြင့် အသက်ဘေးမှလွတ်မြောက်

မက္ကဆီကိုစီးတီး ဇွန် ၉

တရားမဝင် ပြောင်းရွှေ့လာသော သောင်တင်နေသည့် အဖွဲ့တစ်ဖွဲ့သည် အရီဇိုးနား သဲကန္တာရ၌ သေဘေးဖြင့် ရင်ဆိုင်နေရချိန် ဆဲလ်ဖုန်းတစ်လုံးကို အသုံးပြုလျက် အကူအညီတောင်းခံခဲ့ရာမှ အသက်ချမ်းသာရာ ရရှိသွားကြောင်း အမေရိကန်နယ်စပ်ရဲအဖွဲ့က ပြောကြားသည်။

နယ်စပ်ဖြတ်ကျော်

လူရှစ်ယောက်ပါသော အဆိုပါ အဖွဲ့သည် အရီဇိုးနားပြည်နယ် တက်ခ်နားအရှေ့တောင်ဘက် သဲကန္တာရ၌ လမ်းစပျောက် သောင်တင်နေစဥ် ဆဲလ်ဖုန်းသုံး၍ အကူအညီတောင်းခံခဲ့သည်ဟု ဆိုသည်။ ယင်းတို့၏ လမ်းညွှန်များက မက္ကဆီကိုမှ နှစ်ရက်ကြာ နယ်စပ်ဖြတ်ကျော်လာပြီးနောက် ယင်းတို့အား စွန့်ခွာထွက်ပြေးကြသည်ဟု ဆိုသည်။

ကယ်ဆယ်

ယင်းတို့သည် သဲကန္တာရအလယ်တွင် အစာရေစာများ ပြတ်လတ်ပြီး သေဘေးနှင့် ရင်ဆိုင်နေရချိန်တွင် ဆဲလ်ဖုန်းနံပါတ် ၉၁၁သို့ ဆက်သွယ်ခဲ့ရာ ကယ်ဆယ်ရေးရဟတ်ယာဥ်များက လာရောက်ကယ်ဆယ်ခဲ့သည်ဟု ဆိုသည်။

မြင့်တက်

ယမန်နှစ်က အဆိုပါ သဲကန္တာရတွင် အပူချိန် ၁၂၀ဒီဂရီအထိ မြင့်တက်လာသဖြင့် လူပေါင်း ၂၆၀ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

အာဂျင်တီးနားက အိုင်ဗရီကို့စ်ကို ခြေကုန်ထုတ်ကစားရမည်

လိမ္မော်ရောင်ဟော်လန်ကို ဆားဘီးယား ခြေရည်တူကစားဖွယ်ရှိ

ရန်ကုန် ဇွန် ၉

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို ဇွန် ၉ ရက်မှ စတင်၍ကျင်းပလျက်ရှိရာ ကမ္ဘာတစ်လွှားမှ ဘောလုံးအားကစားဝါသနာရှင်များ မလွတ်တမ်းစောင့်စားကြည့်ရှုနေကြပြီဖြစ်သည်။ ဇွန် ၉ ရက်တွင် အုပ်စု(က)ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ပြီး ဇွန် ၁၀ ရက်(ယနေ့)**တွင် အုပ်စု(ခ)ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇွန် ၁၁ ရက်** (မနက်ဖြန်) **တွင် အုပ်စု(ဂ)ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မြန်မာ့အလင်းဝါသနာအိုးများအတွက် ပွဲကြိုသုံးသပ်ချက်ကို ဆက်လက်ဖော်ပြလိုက်ပါသည်။**

ဇွန် ၁၁ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲတွင် ဟမ်းဘတ်မြို့ရှိ AOL Arenaအားကစားကွင်း၌ အုပ်စု(ဂ)မှ အာဂျင်တီးနားအသင်းနှင့် အိုင်ဗရီကို့စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ တောင်အမေရိကတိုက်မှ အောင်မြင်မှုအစဉ်အလာရှိသောအာဂျင်တီးနားအသင်းနှင့် အာဖရိကတိုက်မှ ခြေစစ်ပွဲအောင်အသင်းများအနက် အတောင့်အတင်းဆုံးဟု သတ်မှတ်ခြင်းခံရသော အိုင်ဗရီကို့စ်တို့၏ပွဲဖြစ်ရာ အကြိတ်အနယ်ပွဲကြီး ပွဲကောင်းတစ်ပွဲ ကြည့်ရမည်ဖြစ်သည်။

မာရာဒိုနာ

တောင်အမေရိကတိုက်မှ အသင်းများထဲတွင် ဘရာဇီးအသင်းကို အောင်မြင်မှု အစဉ်အလာချင်း မယှဉ်သာသော်လည်း ခြေစွမ်းအားဖြင့် ပခုံးချင်း ယှဉ်ပြိုင်နိုင်သည်မှာ အာဂျင်တီးနားပင်ဖြစ်သည်။ ဘရာဇီးအသင်းမှ ကမ္ဘာကျော်ဘောလုံးသမား ပီလီကို မွေးထုတ်ပေးနိုင်သလို အာဂျင်တီးနားအသင်းကလည်း ကမ္ဘာကျော်ဘောလုံးသမား မာရာဒိုနာကို မွေးထုတ်ပေးနိုင်ခဲ့သည်။ အာဂျင်တီးနားအသင်းသည် ၁၉၇၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက်ပိုင်း၌ အောင်မြင်မှုနှင့် ဝေးကွာနေခဲ့ရာ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပွဲတွင် အုပ်စုပထမအဆင့်မှပင် လှည့်ပြန်ရသည်အထိ အဖြစ်ဆိုးနှင့် ရင်ဆိုင်ခဲ့ရသည်။

တောင်အမေရိကတိုက် ခြေစစ်ပွဲစဉ်များ၌ အာဂျင်တီးနားအသင်းသည် ဘရာဇီးအသင်းနှင့် ရမှတ်တူညီပြီး ဂိုးကွာခြားချက်အရ အုပ်စု ဒုတိယနေရာမှ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း ဖြစ်သည်။ ခြေစစ်ပွဲစဉ်များ၌ ၁၈ပွဲကစားရာ ၁၀ပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံးခဲ့သည်။ အာဂျင်တီးနား နည်းပြ ဂျိုဆေး ပီကာမန်သည် အာဂျင်တီးနား လူငယ်အသင်းအား ခုနစ်နှစ်ကြာ တာဝန်ယူခဲ့ရာ ကမ္ဘာ့ဖလားလူငယ်ပြိုင်ပွဲ၌ ချန်ပီယံဆု သုံးကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။ အာဂျင်တီးနား အိုလံပစ်အသင်းကို ချန်ပီယံဆုရယူပေးနိုင်ခဲ့ပြီးနောက် လက်ရွေးစင်နည်းပြအဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။

အချိုးညီစွာ

နည်းပြပီကာမန်သည် အာဂျင်တီးနားအသင်းကို လူငယ်အသင်းမှ သူ့လက်ထွက်ဘောလုံးသမားအများစုဖြင့် အခြေခံဖွဲ့စည်းထား၍ စိတ်ကြိုက်ကစားဟန်ကို ပုံဖော်နိုင်သည်။ ဥရောပကလပ်များ၌ ကစားနေကြသည့်အတွေ့အကြုံရင့်ဘောလုံးသမားများဖြစ်ကြသော အာယာလာ (ဗလင်စီယာ)၊ ဆိုရင်(ဗီလာရီးရဲလ်)၊ အိုင်းမား (ဗလင်စီယာ)၊ ခရက်စပို (ချယ်လ်ဆီး) တို့ကို လူငယ်များဖြင့် အချိုးညီစွာ ပေါင်းစပ်ထားသည်။ ရီကွယ်လ်မီး (ဗီလာရီးရဲလ်)၊ လီယွန်နယ်မက်ဆီ(ဘာဆီလိုနာ)၊ဆာဗီယိုလာ (ဆီဗီလာ)၊ ဟိန့်ဇီ(မန်ယူ) တို့ကလည်း အသင်း၏ အမာခံများဖြစ်ရာ နည်းပြ ပီကာမန်အနေဖြင့် ပထမလူစာရင်းထုတ်ရန်ပင် စဉ်းစဉ်းစားစား လုပ်ရမည့် အနေအထားဖြစ်သည်။

အာဂျင်တီးနား အသင်းသည် ကမ္ဘာ့ဖလားအကြိုနောက်ဆုံး ခြေစမ်း

အာဂျင်တီးနား နည်းပြ

အာဂျင်တီးနားနည်းပြ ဂျိုဆေး ပီကာမန်။
(ဓာတ်ပုံ - အင်တာနက်)

ပွဲသုံးပွဲကစားခဲ့ရာ နှစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးထားသည်။ အန်ဂိုလာအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ကာတာအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ခရိုအေးရှားအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ နည်းပြပီကာမန်သည် ၃-၃-၁-၁ ပုံစံ လူနေရာချထားမှုဖြင့် ကစားကွက်ပုံဖော်ပြီး လူငယ်ခြေတက်များကို အခြေခံထားရာ လျင်မြန်မှုနှင့် အုပ်စုဖွဲ့ကစားမှု အထူးကောင်းမွန်သည်။

အိုင်ဗရီကို့စ်

အိုင်ဗရီကို့စ်အသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရေးအတွက် ခုနစ်ကြိမ် ခြေစစ်ပွဲဝင်ခဲ့ရာ မအောင်မြင်ဘဲ ရှစ်ကြိမ်မြောက်ရောက်မှသာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ဖလား စင်မြင့်ထက်သို့ ပထမဆုံးတက်ရောက်နိုင်ခဲ့သည့် အကြိမ်မှာပင် အုပ်စုကျပ် (Group of Death) ၌ ပါဝင်နေရာ ဒုတိယအဆင့် ရှုံးထွက်အဆင့်သို့ တက်လှမ်းနိုင်ရေး အပြင်းအထန်ကြိုးစားရမည် ဖြစ်သည်။ အိုင်ဗရီကို့စ်အသင်းအကြောင်းကို မသိကြသည့်တိုင် ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာကိုတော့ ကောင်းကောင်းသိကြမည် ဖြစ်သည်။ ခြေစစ်ပွဲစဉ်၌ အိုင်ဗရီကို့စ်အသင်းအတွက် ၁၀ ဂိုးသွင်းယူပေးခဲ့သူ ဒရော့ဘာသည် အိုင်ဗရီကို့စ်နိုင်ငံ၏ သူရဲကောင်းတစ်ဦးသဖွယ် ချီးကျူးခံရသူဖြစ်သည်။

အိုင်ဗရီကို့စ်အသင်းသည် အာဖရိကတိုက် ခြေစစ်ပွဲစဉ်များ၌ အုပ်စု (၃)တွင်ပါဝင်ခဲ့ပြီး ကင်မရွန်း၊ အီဂျစ်၊ လစ်ဗျား၊ ဆူဒန်၊ ဘီနင်တို့နှင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။ အုပ်စုကျပ်၍ ခြေစစ်ပွဲအောင်ရန် မျှော်လင့်ချက်ရေးရေးသာ ရှိရာမှ ၁၀ပွဲကစား ခုနစ်ပွဲနိုင် တစ်ပွဲသရေ နှစ်ပွဲရှုံး (၂၂)မှတ်ဖြင့် အုပ်စု ပထမရရှိကာ ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ဖလားအကြိုနောက်ဆုံး ခြေစမ်းပွဲ သုံးပွဲကစားခဲ့ရာတွင် ဆလိုဗေးနီးယားကို သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ချီလီနှင့် တစ်ဂိုးစီ သရေ၊ ဆွစ်ဇာလန်နှင့် တစ်ဦးစီ သရေကျခဲ့သည်။ အိုင်ဗရီကို့စ်အသင်းတွင် နာမည်ကျော် တိုက်စစ်မှူး ဒရော့ဘာအပြင် အာဆင်နယ်မှ ကိုလိုတိုရေးနှင့် အီဘိုယေး၊ တာယာတိုရေး (အိုလံပီယာကော့စ်)နှင့်ဒင်ဒန်း(လန်းစ်) တို့လည်း ပါဝင်ကြရာ ဥရောပကလပ်များ၌ ခြေစွမ်းပြကစားနေသူများ ဖြစ်ကြသည်။

တိုက်စစ်၊ခံစစ်

အိုင်ဗရီကို့စ်နည်းပြ အွန်နရီမစ်ချယ်လ်သည် ပြင်သစ်လူမျိုးဖြစ်ပြီး ပြင်သစ်အသင်းကို တာဝန်ယူခဲ့ဖူးသည်။ ကင်မရွန်း၊ မော်ရိုကို၊ ယူအေအီးနှင့် တူနီးရှားအသင်းတို့ကို နည်းပြခဲ့ဖူးသူဖြစ်ရာ အတွေ့အကြုံ ရင့်ကျက်သူဖြစ်သည်။ နည်းပြ အွန်နရီမစ်ချယ်လ်သည် အိုင်ဗရီကို့စ်အသင်းကို ၄-၄-၂၊၄-၄-၁-၁ ပုံစံ လူနေရာချထားမှုဖြင့် ကစားကွက် တည်ဆောက်လေ့ရှိသည်။ ယခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ထူးခြားချက်မှာ အာဖရိကတိုက်မှ မျက်နှာသစ်အသင်းများ ပါဝင်လာခြင်းဖြစ်သည်။ အာဖရိကတိုက်မှ အသင်းများ ထူးထူးခြားခြား အောင်မြင်မှု ရရှိနိုင်သည်ဟုပင် ဟောကိန်းထုတ်သူများရှိနေသည်။

အာဖရိကတိုက်မှ အသင်းများသည် နာမည်ကြီးအသင်းများကို ဒုက္ခကောင်းကောင်းကြီးပေးတတ်သည်ကိုတော့ မေ့ထား၍ မရပေ။ ဆီနီဂေါက ပြင်သစ်ကိုလည်းကောင်း၊ ကင်မရွန်းက အာဂျင်တီးနားကိုလည်းကောင်း အနိုင်ရရှိခဲ့သည်က သာဓကပင်ဖြစ်သည်။ သို့သော် အာဂျင်တီးနားအသင်းက ပွဲဦးထွက်၌ ခြေကုန်ထုတ်ကစားတတ်သည်ဖြစ်ရာ ဂိုးမပြတ်သည့်တိုင် အနိုင်ရရန်များနေသည်။ အာဂျင်တီးနားနှင့် အိုင်ဗရီကိုစ်တို့ ကွန်ဖက်ဒရေးရှင်းဖလားပွဲ၌ ဆုံတွေ့ခဲ့ဖူးရာ အာဂျင်တီးနားက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ လက်ရှိ ကမ္ဘာ့အဆင့် ၉ ၌ရှိသော အာဂျင်တီးနားအသင်းက လက်ရှိ ကမ္ဘာ့အဆင့် ၃၂ သာရှိသည့် အိုင်ဗရီကို့စ်ကို မနိုင်ခဲ့လျှင် အုပ်စုပထမအဆင့်မှပင် လှည့်ပြန်ရဖွယ်ရှိနေရာ အနိုင်ကစားပြမည်ဟု ယုံကြည်မိသည်။

ဆားဘီးယားနှင့်ဟော်လန်

ဇွန် ၁၁ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် လိုက်ပ်ဇစ်မြို့ရှိ Zentralstadion အားကစားကွင်း၌ အုပ်စု(ဂ)မှ ဆားဘီးယားနှင့် မွန်တီနီဂရိုးအသင်းနှင့် ဟော်လန်(နယ်သာလန်)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဗိုလ်မစွဲဖူးသေးသော်လည်း သူမပါလျှင် ပွဲမစည်ဟုပြောရလောက်သည့် ဟော်လန်အသင်းနှင့် အမည်သစ်ဖြင့် ကမ္ဘာ့ဖလားပွဲသို့ တစ်ကျော့ပြန် တက်ရောက်လာသော ဆားဘီးယားနှင့် မွန်တီနီဂရိုးအသင်းတို့၏ ပွဲစဉ်မှာ နှစ်သင်းစလုံးအတွက် အုပ်စုတက်ရေး အရေးပါသော ပွဲစဉ်ဖြစ်နေသည်။

ဆားဘီးယားနှင့် မွန်တီနီဂရိုး အသင်းသည် ယခင်က ယူဂိုဆလားဗီးယားအမည်ဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲများ၌ ခြေစွမ်းပြနိုင်ခဲ့သည်။ ဆားဗီးယားအသင်းသည် ဘောလုံးရေခံမြေခံကောင်းပြီး ဥရောပကလပ်များ၌ ခြေစွမ်းပြနေကြသော ဘောလုံးသမားများဖြင့် ဖွဲ့စည်းထားသည်။ စတန်ကိုဗစ်(အင်တာမီလန်)၊ ဗီဒစ်(မန်ယူ)၊



၂၀၀၆ ကမ္ဘာ့ဖလား ပြိုင်ပွဲဝင် ဟော်လန် အသင်း၏ အားထားရသော ဘောလုံးသမား အာဂျန်ရော်ဘင်။
(ဓာတ်ပုံ-အင်တာနက်)

ကက်ဇ်မန်း(အက်သလက်တီကို) တို့ကဲ့သို့သော နာမည်ကြီး ဘောလုံးသမားများပါဝင်နေရာ ဟော်လန်အသင်းကို ယှဉ်ကစားနိုင်သော အနေအထားဖြစ်သည်။

မှတ်တမ်းဝင်

ဆားဗီးယားနည်းပြ ပက်ကိုဗစ်သည် ဆားဗီးယားနှင့် မွန်တီနီဂရိုးဟုအမည်သစ်ပြောင်းလဲပြီးနောက် ပထမဆုံးကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်အောင်စွမ်းဆောင်နိုင်သည့် မှတ်တမ်းဝင်သူဖြစ်သည်။ လူငယ်ကစားသမားများကိုအမာခံထားပြီး အသင်းကို ဖွဲ့စည်းထားရာ ဆားဗီးယားအသင်းကို ဘော်လ်ကန်ဒေသ၏ ဘရာဇီးအသင်းဟု အမည်ပေးခြင်းခံရအောင် ကြိုးစားနိုင်သူလည်းဖြစ်သည်။ နည်းပြ ပက်ကိုဗစ်သည် ၄-၁-၄-၁ ပုံစံဖြင့် လူနေရာချထားပြီး တိုက်စစ်မှူး ကက်ဇ်မန်းကို အထောင်ထားကစားစေသည်။ ဆားဗီးယားအသင်း၏ လက်ရှိကမ္ဘာ့အဆင့်မှာ ၄၄ ဖြစ်သည်။

ဆားဗီးယားအသင်းသည် ခြေစစ်ပွဲစဉ်များ၌ နာမည်ကြီး စပိန်အသင်းကို ကျော်လွှားကာ အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲစဉ်များ၌ ၁၀ ပွဲ ကစားရာ ခြောက်ပွဲနိုင်ပြီး လေးပွဲ သရေကျခဲ့သည်။ ခြေစစ်ပွဲစဉ်များတွင် ၁၆ ဂိုးသွင်းယူပြီး တစ်ဂိုးသာပြန်ပေးခဲ့ရသဖြင့် ဥရောပအသင်းများထဲတွင် ပေးဂိုးအနည်းဆုံးအဖြစ် မှတ်တမ်းဝင်ပြီး နောက်တန်း တောင့်တင်းမှုရှိကြောင်း ပြသနိုင်ခဲ့သည်။ ကမ္ဘာ့ဖလားအကြိုနောက်ဆုံးခြေစမ်းပွဲ သုံးပွဲ ကစားခဲ့ရာ တူနီးရှားကို တစ်ဂိုး-ဂိုး မရှိဖြင့်နိုင်ပြီး ဥရုဂွေးနှင့် တစ်ဂိုးစီ သရေကျကာ တောင်ကိုရီးယားကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဟော်လန်

လိမ္မော်ရောင်ဝတ်စုံပိုင်ရှင် ဟော်လန် (နယ်သာလန်) အသင်းသည် တစ်ချိန်က Total Football ဟူသော ကစားဟန်ဖြင့် ကျော်ကြားခဲ့သော အသင်းဖြစ်သည်။ ဗိုလ်လုပွဲသို့ နှစ်ကြိမ်တက်ရောက်နိုင်ခဲ့ရာ ဂျာမနီ၊ အာဂျင်တီးနားတို့ကို ရှုံးနိမ့်ပြီး ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဟော်လန်တို့၏ Total Football ခေတ်ကုန်ဆုံးသွားပြီးနောက် ခြေစွမ်းကျဆင်းလာခဲ့ရာ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပွဲတွင် ခြေစစ်ပွဲပင် အောင်မြင်ခြင်းမရှိခဲ့ချေ။

ဟော်လန်အသင်းသည် ခြေစစ်ပွဲစဉ်များ၌ ဥရောပဇုန် အုပ်စု(က) တွင် ပါဝင်ခဲ့ပြီး ချက်၊ ရိုမေးနီးယား၊ ဖင်လန်၊ မက်ဆီဒိုးနီးယား၊ အာမေးနီးယား၊ အန်ဒိုရာတို့နှင့် ယှဉ်ပြိုင်ခဲ့ရသည်။ ၁၂ ပွဲကစားရာ ၁၀ ပွဲနိုင်၊ နှစ်ပွဲသရေ ၃၂ မှတ်ဖြင့် အုပ်စု ပထမရရှိကာ ထိုက်ထိုက်တန်တန် ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။ ကမ္ဘာ့ဖလား အကြိုနောက်ဆုံး ခြေစမ်းပွဲ သုံးပွဲကစားခဲ့ရာ မက္ကဆီကိုကို နှစ်ဂိုး-တစ်ဂိုး၊ ကင်မရွန်းကိုတစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဩစတြေးလျနှင့် တစ်ဂိုးစီ သရေကျခဲ့သည်။ ဟော်လန်အသင်းမှ နစ္စတယ်ရွိုင်း (မန်ယူ)၊ ရော်ဘင် (ချယ်လ်ဆီး)၊ ဂိုးသမား ဗန်ဒါဆား (မန်ယူ)၊ ဆနိုက်ဒါ(အေဂျက်စ်)၊ ဗန်ပါစီ(အာဆင်နယ်)၊ ဘရွန်ခရော့စ် (ဘာစီလိုနာ)၊ ကိုကူး (ပီအက်စ်ဗွီ) တို့သည် ကလပ်အသင်းများ၌ ခြေစွမ်းပြ ကစားနေကြသူများဖြစ်သည်။

တိုက်စစ်မြှားဦး

ဟော်လန်နည်းပြ မာကိုဗန်ဘက်စတန်သည် ဟော်လန်လက်ရွေးစင်ဟောင်းဖြစ်ပြီး အသက် ၄၂ နှစ်သာ ရှိသေးသည်။ လက်ရွေးစင် ကစားသမားဘဝက ကျော်ကြားပြီး ဥရောပအကောင်းဆုံး ဘောလုံးသမားဆုသုံးကြိမ်နှင့် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု တစ်ကြိမ် ရရှိခဲ့သော်လည်း နည်းပြအတွေ့အကြုံ နုနယ်သေးသည်။ နည်းပြ မာကိုဗန်ဘက်စတန် သည် ဆီးဒေါ့ဖ်၊ ကလွိုက်ဗတ်၊ ဗန်ဒါမေဒီ၊ အက်ဂါဒေးဗစ်တို့ကဲ့သို့သော လူဟောင်းများကို ဖယ်ရှားပြီး လူငယ်များဖြင့် အသစ် ပြန်လည်တည်ဆောက်ရာ အောင်မြင်မှုရခဲ့သည်။

နည်းပြ မာကိုဗန်ဘက်စတန်က ၄-၃-၃ ပုံစံဖြင့် အထိုင်ချထားရာ နစ္စတယ်ရွိုင်း၏နောက်၌ ကူရစ် (ဖီယင်နု)နှင့် ရော်ဘင်(ချယ်လ်ဆီး) တို့ကို ရံထားပေးသည်။ ဟော်လန်အသင်း၏ လက်ရှိကမ္ဘာ့အဆင့်မှာ အဆင့်သုံးဖြစ်သည်။ ဟော်လန်အသင်းမှ အမာခံကစား သမားအချို့ ထိခိုက်ဒဏ်ရာရရှိထားမှုကြောင့် ပွဲဦးထွက်၌ အင်အားပြည့် ပါဝင်နိုင်ဦးမည်မထင်ပေ။ ဟော်လန်ဘောလုံးသမားများ ဘောလုံးကျွမ်းကျင်မှုကောင်းပြီး အတွေ့အကြုံများသူများဖြစ်သော်လည်း ကလပ်အသင်းများ၌ ခြေစွမ်းပြနိုင်သလောက် လက်ရွေးစင်အသင်းတွင် ခြေစမ်းမပြနိုင်ဘဲဖြစ်တတ်သည်။

ဆွဲဝင်မွှေနှောက်

ဟော်လန်အသင်း၏ တိုက်စစ် အားနည်းနေချိန်တွင် ခံစစ်မာကြောသည့် ဆားဗီးယားအသင်းနှင့် ရင်ဆိုင်ရခြင်းမှာ ဂိုးရဖို့ခက်မည့် အနေအထားဖြစ်သည်။ ရော်ဘင်၏ တောင်ပံမှ ဆွဲဝင်မွှေနှောက်ပြီး ဖန်တီးပေးသည့် ဘောလုံးကို ခြောက်ကိုက်ကောက်စား နစ္စတယ်ရွိုင်းက မလွတ်တမ်း ဂိုးသွင်းနိုင်ဖို့လိုသည်။ ဟော်လန်နှင့် ဆားဗီးယားတို့ ကိုးပွဲဆုံတွေ့ဖူးရာ ဟော်လန်က ငါးပွဲနိုင်၊ ဆားဗီးယားက သုံးပွဲနိုင်၊ တစ်ပွဲသရေကျသည့် မှတ်တမ်းရှိသည်။

အုပ်စု(ဂ)၌ ဟော်လန်ကို ဒုတိယအဆင့်ရှုံးထွက်သို့ တက်ရောက်နိုင်မည်ဟု ထင်ကြေးပေးနေကြရာ အဖွင့်ပွဲစဉ်က ထင်ကြေး မှန်မမှန်ကို အဆုံးအဖြတ်ပေးမည်ဖြစ်သည်။ လမ်းမှန်ကမ်းမှန်အရ တွက်လျှင် ဟော်လန်အနိုင်ပါပဲဟု ဆိုရမည်ဖြစ်သည်။ သို့သော်လည်း တစ်ချိန်သော အခါက ယူဂိုဆလားဗီးယား၏ ခြေစွမ်းခြေစကို ပြန်လည်ငဲ့စောင်းကြည့်ပါလျှင် သရေဆိုသောရလဒ်မှာ လက်ခံနိုင်စရာပင်ဖြစ်ကြောင်း ပွဲအကြိုအဖြစ် သုံးသပ်ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သုံးသပ်ရေးသားသူ-ကိုထွေး

"5th Eye Asian Film Festival"

မြန်မာရုပ်ရှင်ဇာတ်ကားများ ပါဝင်ပြသရန် ရွေးချယ်ထား

တွေ့ဆုံမေးမြန်းသူ–မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၉

မြန်မာ့ရုပ်ရှင်ဇာတ်ကားများ နိုင်ငံတကာနယ်ပယ်တွင် ထိုးဖောက်နိုင်ရေး ကြိုးစားလျက်ရှိရာ ရိုက်ကူးထုတ်လုပ်သမျှ ရုပ်ရှင်ဇာတ်ကားများသည် အရည်အသွေးရော အဆင့်အတန်းပါ မြင့်မားတိုးတက်လာသည်ကို မြင်တွေ့နေရပြီဖြစ်သည်။

ထိုသို့ မြန်မာ့ရုပ်ရှင်ကားများ နိုင်ငံတကာသို့ ထိုးဖောက်ရန်ကြိုးစားနေမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် မြန်မာ့အလင်း သတင်းအဖွဲ့ ဇွန် ၈ ရက်က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

"နိုင်ငံတကာသို့ တင်ပို့မယ့် မြန်မာရုပ်ရှင်ဇာတ်ကားတွေ အင်္ဂလိပ်စာတန်းထိုးရန်လိုအပ်" မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)



"ချစ်ခြင်းငယ်ပြိုင်" ရုပ်ရှင်ဇာတ်ကားမှ သရုပ်ဆောင်သစ် ရွှေသွေးနှင့် စိုး မြတ် န န္ဒာ တို့၏ ဇာတ်ဝင်ခန်း တစ်ခန်း။
ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ရွေးချယ်နေ

မြန်မာရုပ်ရှင်ဇာတ်ကားများ နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန် ကြိုးစားနေမှုနှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်နေသည်ကို မေးမြန်းရာ "ဦးကြည်စိုးထွန်းက "5th Eye Asian Film Festival"မှာ မြန်မာရုပ်ရှင်ကားတွေ ပါဝင်ပြသနိုင်အောင် အခု ရုပ်ရှင်ဇာတ်ကားတွေရွေးချယ်နေပါတယ်" ဟု ဦးစွာပြောကြားသည်။

မွမ်ဘိုင်း၌ကျင်းပမည်

အဆိုပါ ရုပ်ရှင်ပွဲတော်ကို မည်သည့် နိုင်ငံ၌ကျင်းပမည်ကို မေးမြန်းရာ "အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့မှာ ပြုလုပ်မှာပါ၊ ပြုလုပ်မယ့်ရက်ကတော့ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှ ၁၉ ရက်အထိဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ပြုလုပ်မည့် ရုပ်ရှင်ပွဲတော်နှင့် ပတ်သက်၍"အိန္ဒိယနိုင်ငံမှာ ရုပ်ရှင်ပွဲတော်ကျင်းပတာ အခုအကြိမ်နှင့်ဆို ငါးကြိမ်ရှိပါပြီ၊ နိုင်ငံတကာက ရုပ်ရှင်ကားပေါင်း ရာနှင့်ချီပြီး ပါဝင်ပြသကြပါတယ်၊ အဲဒီလိုပြသတဲ့အခါ သီးခြားအစီအစဉ်တစ်ခုအနေနဲ့ စိတ်ဝင်စားစရာကောင်းတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ရုပ်ရှင်ဇာတ်ကားတွေကိုပဲ ကြည့်ရှုပြသတဲ့"Country of Focus"အစီအစဉ်ပါတယ်၊ အဲဒီအစီအစဉ်မှာ မြန်မာရုပ်ရှင်ကားတွေ ပါဝင်ပြသသွားမှာပါ" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

သုံးသပ်

ထိုသို့ရုပ်ရှင်ပွဲတော်တွင် တစ်နှစ်လျှင် တစ်နိုင်ငံနှုန်းဖြင့် ၎င်းနိုင်ငံမှ ရုပ်ရှင်ဇာတ်ကားများကို တင်ဆက်ပြသခြင်းဖြစ်ပြီး အိန္ဒိယပြည်သူများ၊ ရုပ်ရှင်ပွဲတော်လာ နိုင်ငံတကာမှ ပရိသတ်များ၊ ရုပ်ရှင်ပွဲတော်ကျင်းပရေး တာဝန်ရှိသူများက ကြည့်ရှုသုံးသပ်ကြခြင်းဖြစ်သည်။

"5th Eye Asian Film Festival"ပွဲတော်သို့တင်ပို့ပြသမည့်ရုပ်ရှင်ဇာတ်ကားများနှင့် ပတ်သက်၍ မေးမြန်းရာ"ရွေးချယ်ထားတဲ့ ရုပ်ရှင်ကားတွေကတော့ ဆန်ရေ၊ ပေးဆပ်သူတို့နှလုံးသား၊ ချစ်ခြင်းငယ်ပြိုင်၊ ဆဋ္ဌဂံ၊ လျှို့ဝှက်သောနှင်း၊ ရောဝတီညများ၊ မိုးကုတ်စက်ဝိုင်းကိုကျော်၍နှင့် ကျန်စစ်မင်း ရုပ်ရှင်ဇာတ်ကားတို့ဖြစ်ကြောင်း"ဦးကြည်စိုးထွန်းက ပြောကြားသည်။

ပေးပို့

ရုပ်ရှင်ပွဲတော်သို့ အဆိုပါရုပ်ရှင်ကားများကို ပထမပေးပို့ရာတွင် ၎င်းရုပ်ရှင်ကားများ၏ ဒီဗွီဒီ ဇာတ်လမ်း အကျဉ်းချုပ်၊ ဇာတ်ဝင် ဓာတ်ပုံ (၈"x၁၀")ဆိုက်၊ဒါရိုက်တာဓာတ်ပုံနှင့် လက်ကမ်းကြော်ငြာ ပိုစတာတို့ကို ပထမဦးစွာပေးပို့ရသည်ဟုသိရသည်။

အကြံပြု

ယခုရွေးချယ်ထားသည့် ရုပ်ရှင်ဇာတ်ကားတိုင်းသည် အင်္ဂလိပ်စာတန်းထိုးရုပ်ရှင်ကားများဖြစ်ပြီး ထိုအင်္ဂလိပ်စာတန်းထိုး ရုပ်ရှင်ကားများသာ လက်ခံကြောင်းလည်း ဦးကြည်စိုးထွန်းက ပြောကြားသည်။ ထို့အပြင် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်သူများ အနေဖြင့် မိမိတို့၏ ရုပ်ရှင်ဇာတ်ကား နိုင်ငံတကာသို့ တင်ပို့သည်အထိ ရည်မှန်းထားလျှင် အင်္ဂလိပ်စာတန်းထိုးထည့်သွင်းသင့်ကြောင်းလည်း ၎င်းက အကြံပြု ပြောကြားသည်။

ယခုရွေးချယ်ထားသည့် ရုပ်ရှင်ဇာတ်ကားများနှင့် ပတ်သက်၍ မေးမြန်းရာ "အခုအချိန်အထိတော့ ဆန်ရေ၊ ပေးဆပ်သူတို့ နှလုံးသားနဲ့ ချစ်ခြင်းငယ်ပြိုင်ရုပ်ရှင်ဇာတ်ကားတွေတော့ လိုအပ်တဲ့ အထောက်အထားတွေရောက်နေပါပြီ၊ ကျန်တဲ့ရုပ်ရှင်ဇာတ်ကား တွေကတော့ တောင်းထားဆဲဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။

အကြောင်းကြား

ထိုသို့ရွေးချယ်ထားသော ရုပ်ရှင်ဇာတ်ကားများကို အိန္ဒိယရှိ ရုပ်ရှင်ပွဲတော်ပြသရေးအဖွဲ့က ကြည့်ရှုစိစစ်ပြီး မည်သည့်ရုပ်ရှင်ဇာတ်ကားများပါဝင်ပြသနိုင်သည်ကို အိန္ဒိယနိုင်ငံရှိ မြန်မာသံရုံးမှတစ်ဆင့် အကြောင်းကြားပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့ကြောင့် မြန်မာရုပ်ရှင်ဇာတ်ကားများ နိုင်ငံတကာနယ်ပယ်သို့ အရှိန်အဟုန်ဖြင့် ထိုးဖောက်နိုင်ရန်အတွက် အချိန်နှင့်အမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းစကားရေးသားတင်ပြရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ ခုနှစ် နယုန်လပြည့်နေ့ (ဥပုသ်နေ့)
၁၀–၆–၂၀၀၆ရက် (စနေနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇော တိကဓဇ ဘဒ္ဒန္တဝိစာရ ဟောကြားတော်မူအပ်သော "ချမ်းသာငြိမ်းအေး အမြိုက်ဆေး" တရားတော်
၈း၁၅ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၃၀ ၆။ International News
၈း၄၅ ၇။ Grammar Made Easy
၉း၀၀ ၈။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာအရွယ်ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၂း၂၀ ၆။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"
၁၂း၄၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆည်းဆာ"**(အပိုင်း–၂)
၁၃း၂၀ ၈။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၄း၃၀ ၉။ **လောကနီတိ(၄) "လှပခြင်း၏ အဓိပ္ပာယ်"**
အကယ်ဒမီဇင်ဝိုင်း၊ နိုင်းနိုင်း၊ ခိုင်နှင်းဝေ၊ စုချစ်ဇော် (ဒါရိုက်တာ–ဦးခင်ဇော်)
၁၄း၀၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၁၅ ၁၁။ **"မနိုင်သောအရှုံး"** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည် (ဒါရိုက်တာ–အေဝမ်းမောင်လှမျိုး)
၁၄း၂၅ ၁၂။ အတီးပြိုင်ပွဲ
၁၄း၃၅ ၁၃။ ပိုင်ကျုံရေထိန်းတံခါး
၁၄း၄၅ ၁၄။ International News
၁၅း၀၀ ၁၅။ အစီအစဉ်ပြီး၏

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ ဓမ္မပူဇာတေးအစီအစဉ်
၁၆း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၆း၅၅ ၅။ တေးဂီတအစီအစဉ်
၁၇း၁၀ ၆။ ချစ်စရာအရွယ်ကစားကြမယ်
၁၇း၃၅ ၇။ ဘက်စုံဖွံ့ဖြိုးတိုးတက်စည်ပင်ရှမ်းမြောက်ဒေသကျေးလက်တစ်ခွင် (အပိုင်း–၁)
၁၇း၄၅ ၈။ မြန်မာအနုလက်ရာထင်ရှားကြည်ဖွယ်ရာနီးဘုရား
၁၈း၀၀ ၉။ ညနေခင်းသတင်း
၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၁။ Discovery
၁၈း၅၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖြူစင်မေတ္တာ"** (အပိုင်း–၃)
၁၉း၃၅ ၁၃။ သီတဂူဆရာတော်အရှင် ဉာဏိဿရ၏ နယုန်လပြည့်မဟာသမယ ကြီးကျယ်ထူးမြတ်သည့်အခါတော်နေ့
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း–၅၁)
၁၈။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှ အပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ ခုနှစ် ဇွန်လအတွက်
(၁၁–၆–၂၀၀၆)ရက်နေ့
နှင့်
(၂၅–၆–၂၀၀၆)ရက်နေ့

❖ ကျောဖုံးမှ

ဖော်ပြပါ နှစ်ကာလအချိန်တွင် မိုဘိုင်းလ်ဖုန်းတီဗွီများသည် ကမ္ဘာတစ်ဝန်း၌ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာကြမည်ဟုဆိုသည်။

ကမ္ဘာတစ်ဝန်းမှ မိုဘိုင်းလ်ဖုန်း အသုံးပြုသူအများစုသည် ယင်းတို့၏ မိုဘိုင်းလ်ဖုန်းများပေါ်တွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို စောင့်ကြည့်ရန် ပို၍ စိတ်ဝင်စားလာကြကြောင်း အင်ဖော်မာတယ်လီကွန်းနှင့် မီဒီယာမှ ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

အခွန်ငွေ

ယင်းအစီရင်ခံစာက ယင်းကဲ့သို့ ကမ္ဘာ့ဖလားဘောလုံးပွဲကို မိုဘိုင်းလ်ဖုန်းများမှ ကြည့်ရှုကြမည်ဖြစ်၍ အခွန်ကောက်ခံရရှိမှု ဒေါ်လာသန်း ၃၀၀ရရှိရန် ခန့်မှန်းထားသည်။

တွန်းပို့

ကမ္ဘာ့ဖလားပြိုင်ပွဲများကြောင့် မိုဘိုင်းလ်ဖုန်းများ၏ ခေတ်ကာလကို တွန်းပို့လိုက်သလိုဖြစ်သွားကြောင်း အင်ဖော်မာမှ လေ့လာသုံးသပ်သူ မက်ကွင်းက ပြောကြားသည်။

ယူကေတွင် မိုဘိုင်းလ်ဖုန်း ချန်နယ်သုံးခုမှ ကမ္ဘာ့ဖလားပြိုင်ပွဲများကို အခမဲ့ကြည့်ရှုနိုင်ရန် ဖွင့်လှစ်တည်ထောင်ပေးထားသည်။ တောင်ကိုရီးယားတွင် ၂၀၀၅ခုနှစ် မေလမှစပြီး မိုဘိုင်းလ်ဖုန်းတီဗွီကြည့်ရှုနိုင်ကြပြီး နေ့စဉ် မိုဘိုင်းလ်ဖုန်းတီဗွီ မိနစ် ၉၀ထုတ်လွှင့်ပေးသည်ဟု ဆိုသည်။

အိုလံပစ် ၂၀၀၈နှင့် လာမည့်ကမ္ဘာ့ဖလား ၂၀၁၀ပြိုင်ပွဲများတွင် မိုဘိုင်းလ်ဖုန်း တီဗွီအသုံးပြုမှုပို၍ တွင်ကျယ်လာလိမ့်မည်ဖြစ်ကြောင်း အဆိုပါလေ့လာသူများက သုံးသပ်ပြောကြားသည်။ (ကိုးကား–အင်တာနက်)

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

သက်တမ်းအရင့်ဆုံး လူသားဒီအင်န်အေ သိပ္ပံပညာရှင်တို့ စူးစမ်းရရှိ

လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀၀၀ က ကမ္ဘာပေါ်တွင် နေထိုင်ခဲ့သည့် နင်ဒါသယ် လူသားတစ်ဦး၏ ဒီအင်န်အေကို သိပ္ပံပညာရှင်တို့ ရရှိလိုက်သည်။ (ယာပုံ) **ယင်းမှာ ယခုအချိန်အထိ ရရှိထားသော ဒီအင်န်အေများအနက် သက်တမ်းအရင့်ဆုံးလူသား၏ ဒီအင်န်အေပင်ဖြစ်သည်။**

ဘယ်ဂျီလ်ယံနိုင်ငံ မေယုချိုင့်ဝှမ်းရှိ စကလာဒီနာဂူအတွင်းမှ တွေ့ရှိသည့် နင်ဒါသယ် ကလေးငယ်တစ်ဦး၏ သွားမှ သိပ္ပံပညာရှင်များက ဒီအင်န်အေ ထုတ်ယူလိုက်ခြင်းဖြစ်သည်။

ကျင့်သားရ

နင်ဒါသယ် လူသားများသည် လွန်ခဲ့သည့်နှစ်ပေါင်း ၂၃၀၀၀၀နှင့် ၂၈၀၀၀အကြားတွင် ဥရောပတိုက်၊ အလယ်ပိုင်းအာရှနှင့် အရှေ့အလယ်ပိုင်းတွင် အခြေချနေထိုင်ခဲ့ကြသည်။ သူတို့သည် ကျွမ်းကျင်သော မုဆိုးများဖြစ်ပြီး ရေခဲခေတ်တွင်နေထိုင်ရန် ကျင့်သားရနေသူများလည်း ဖြစ်သည်။

သို့သော် ဥရောပသို့ ခေတ်သစ်လူသားများ စတင်၍တက်လာသောအခါ နင်ဒါသယ် လူသားတို့ တဖြည်းဖြည်း မျိုးသုဉ်းပျောက်ကွယ်သွားခြင်းဖြစ်သည်ဟုဆို၏။

(ကိုးကား–အင်တာနက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မဘိမ်းမြို့ရှိ မြို့နယ်ခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

နမ့်မောင်းချောင်းတံတား

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဇွန်၇ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မိုးမိတ်မြို့ မိုင်တိုင်အမှတ် (၀/၃)အနီး အရှည်ပေ ၃၀၀၊ အကျယ် ၁၄ပေ ရှိ နမ့်မောင်းချောင်းတံတားသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှမ်းပြည်နယ်(မြောက်ပိုင်း) အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းနှင့် ကျောက်မဲခရိုင် အင်ဂျင်နီယာမှူး ဦးခင်မောင်အေးတို့က နမ့်မောင်းချောင်း၏ ရေစီးရေလာအခြေအနေ၊ တံတား၏ခံနိုင်မှုအခြေအနေနှင့် ရေရှည်တည်တံ့ရန် ထိန်းသိမ်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် ရွှေဇာလီကျေးရွာအနီး၌ အရှည် ၃၇၆ ပေ၊ အကျယ် ၁၄ပေနှင့် ရေလမ်းကင်းလွတ်နယ်မြေ အမြင့် ၁၃ပေရှိ နမ့်မိတ်ချောင်းတံတားသို့ ရောက်ရှိကြ၍ တံတား၏ ကြံ့ခိုင်မှုနှင့် ချောင်း၏ရေစီးရေလာ အခြေအနေတို့ကိုကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မိုးမိတ်–မြစ်ဆုံလမ်း၏ လမ်း၊တံတားများ အခြေအနေ၊ လမ်းဘေးဝဲယာရှိ ကျေးရွာများ၏ ကျေးလက်ဒေသဖွံ့ဖြိုးမှု အခြေအနေနှင့် နွေစပါးခင်းများ၏ အောင်မြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ပညာပေးစည်းရုံး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် ရွှေဇာလီကျေးရွာအုပ်စု အုန်းကြောကျေးရွာ ကွင်းအမှတ် (၁၁)ရှိ ဆင်းရွှေလီ အထူးအထွက်တိုး နွေစပါးဧက ၁၆၀ စိုက်ခင်း၌ သီးနှံ ဖွံ့ထွားဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသခံတောင်သူလယ်သမားများအား စီးပွားဖြစ်ထွန်းမှုရှိသော ဆင်းရွှေလီ အထူးအထွက်တိုးစပါးကို ပြောင်းလဲစိုက်ပျိုးလာကြစေရန် လက်တွေ့ပြသ စည်းရုံးစိုက်ပျိုးကြရေး၊ ရိုးရာစိုက်စနစ်မှ ခေတ်မီစိုက်စနစ်သို့လည်းကောင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့လည်းကောင်း ပြောင်းလဲကျင့်သုံး စိုက်ပျိုးရေးတို့ကို ပညာပေးစည်းရုံးဆောင်ရွက်ရေးမှာကြားသည်။

အဆင့်မြှင့်တင်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် ရွှေလီမြစ်ကမ်းရှိ မြစ်ဆုံကျေးရွာသို့ရောက်ရှိကြပြီး မြစ်ဆုံကျေးရွာ ကူးတို့ဆိပ်အနီးရှိ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများအား မိုးမိတ်မြစ်ဆုံလမ်းကို လက်ရှိအခြေအနေထက် ပိုမို၍အဆင့်မြှင့်တင်ကာ ကျောက်ချောလမ်းဖြစ်လာအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ရောဝတီတိုင်း မအူပင်မြို့ ပြုံးချိုလေးလမ်း နဝင်းပရဟိတ စာသင်တိုက် ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့နေ မောင်ကျော်ထင် (နဝင်းဆေးတိုက်)–မနွယ်နွယ်ဝင်းတို့၏ ဇွန် ၃ ရက် မင်္ဂလာဦးအလှူဒါန အဖြစ် ငွေကျပ်နှစ်သိန်းကို ဗိုလ်မှူးချုပ်မျိုးမြင့်(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာန မိုးမိတ်သစ်ထုတ်ရေးဒေသ မန်နေဂျာ ဦးတိုးထူးက သစ်ထုတ်လုပ်ရေးလုပ်ငန်း အောင်မြင်ပြီးစီးမှုနှင့် သစ်တောအစားထိုး စိုက်ပျိုးခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ကျွန်းသစ်များကို ခုတ်လှဲထုတ်ယူခြင်းအပြင် ရေရှည် ထုတ်လုပ်သွားနိုင်ရေးအတွက်စဉ်ဆက်မပြတ် ပြန်လည်အစားထိုးစိုက်ပျိုးသွားရေး၊ စိုက်ပျိုးရာတွင်လည်း ရှင်သန်ကြီးထွားမှုရှိအောင် စနစ်တကျ စိုက်ပျိုးပြုစုသွားရေးနှင့် လျာထားချက်ထက် ပိုမို၍ထုတ်လုပ်နိုင်အောင် ကြိုးဆောင်လုပ်ကိုင်သွားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ရွှေလီမြစ်တစ်ဖက်ကမ်းရှိ မဘိမ်းမြို့နယ်သို့ ရေယာဉ်ဖြင့်သွားရောက်ကြ၍ ရေကြောင်းမှဖောင်ဖွဲ့ စုန်မျှောရန် အသင့်စုပုံထားရှိသော ကျွန်းသစ်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ဖွံ့ဖြိုးတိုးတက်မှုကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မြစ်ဆုံ–မဘိမ်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လမ်းနှင့် တံတားများအခြေအနေ၊ ပတ်ဝန်းကျင်ရှိ သစ်တောများ၊ နွေစပါးစိုက်ခင်းများနှင့် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မဘိမ်းမြို့အဝင်၌ ကျင်းပသော မဘိမ်းမြို့နယ် ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ဝေငှပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်တို့က သတ်မှတ်နေရာအသီးသီးတို့၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများက သတ်မှတ်နေရာအသီးသီးတို့၌ ခြံစည်းရိုးကြက်ဆူပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးပေးကြသည်။

မဘိမ်းမြို့နယ်သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ ၂၀၀၅–၂၀၀၆ ခုနှစ် မှ ၂၀၀၇–၂၀၀၈ ခုနှစ်အထိ ခြံစည်းရိုးကြက်ဆူပင်ဧက ငါးသိန်းစိုက်ပျိုးရေးရည်မှန်းချက်၌ ကျောက်မဲခရိုင်၌ ဧက ၁၁၀၀၀ လျာထားချက်အနက် ဧက ၁၃၂၀၀ ဧကကို တာဝန်ယူစိုက်ပျိုးသွားမည်ဖြစ်ပြီး ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ဧက ၃၀၀၀ စိုက်ပျိုးရန်လျာထားပြီးဖြစ်ရာ ယခုအခါ ဧက ၉၀၀ စိုက်ပျိုးထားပြီးဖြစ်သည်။ ကျန်ရှိသည့် ဧက ၂၀၀၀ အတွက် ပျိုးပင်နှင့် မျိုးစေ့များကို လက်ဝယ်၌ စုဆောင်းရရှိထားမည်ဖြစ်ရာ သတ်မှတ်ကာလအတွင်း အပြည့်အဝစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပြသရှင်းလင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မဘိမ်းမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတာဝန်ခံ ဒေါက်တာအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူများက လူနာဆောင်များနှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည်ပြသရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဆေးကုသမှုခံယူနေကြသူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများကို ပံ့ပိုးပေးအပ်ပြီး သူနာပြုဆရာမများနှင့် ဆရာဝန်များအတွက်လည်း ဝတ်စုံများကို ထောက်ပံ့ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မဘိမ်းမြို့ရှိ မြို့နယ်ခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာ ရှေးဦးစွာ မဘိမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်မှူးချုပ်အောင်သန်းထွဋ်က မိတ်ဆက် အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မဘိမ်းမြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများကို ဆေးရုံတာဝန်ခံ ဆရာဝန် ဒေါက်တာအောင်မြင့်ထွန်းအားလည်းကောင်း၊ မဘိမ်းမြို့ရှိ ပညာရေးဝန်ထမ်းများအတွက် ဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများကို မြို့နယ်ပညာရေးမှူး ဒေါ်မြမြအားလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားပြစက်တစ်လုံးကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဆွတ်မန်းအားလည်းကောင်း ပေးအပ်လှူဒါန်းသည်။

လက်တွဲညီညီ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် မဘိမ်းမြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး ဒေသဝမ်းစာဖူလုံမှု အနေဖြင့်လည်း နှစ်အလိုက် တိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ၂၀၀၅–၂၀၀၆ခုနှစ်၌ ၂၉၇ဒသမ ၂၁ရာခိုင်နှုန်းအထိ တိုးတက်အောင်မြင်မှုရှိလာ၍ များစွာဝမ်းသာပီတိဖြစ်ရပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်ဖြစ်ထွန်းအောင်မြင်လာရေးအတွက် ဌာနဆိုင်ရာများက ဒေသခံတိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် စီးပွားရေးဘဝတောင့်တင်းခိုင်မာရေးသည် အဓိကကျကြောင်း၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာမြင့်မားရေးအတွက် စိုက်ပျိုးရေးကိုအခြေခံ၍ ဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် နိုင်ငံတော် စီမံကိန်းများ ပြည့်မီကျော်လွန်အောင် တိုးတက်အောင်မြင်စေရေးအတွက် အသိတရားရှိရှိ၊ စေတနာပါပါဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

စည်းရုံးဆောင်ရွက်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရေမြင့်လျှင် ကြာတင့်ဆိုသကဲ့သို့ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝလည်း အဘက်ဘက်မှ တိုးတက်မြင့်မားလာမည်ဖြစ်ရာ ဌာနဆိုင်ရာများက ပြည်ထောင်စု စိတ်ဓာတ်အပြည့်ဖြင့် အောက်ခြေအဆင့်အထိ နိုင်ငံတော်၏ စေတနာနှင့် မူဝါဒလုပ်ငန်းစဉ်များကို ရှင်းလင်းစည်းရုံးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စိုက်ပျိုးသူအပါအဝင် နိုင်ငံတော်ပါ အကျိုးရှိစေမည့် စက်မှုကုန်ကြမ်းသီးနှံ နှစ်ရှည်ပင် ရော်ဘာကို ဒေသအတွင်း စမ်းသပ်စိုက်ပျိုးရေးနှင့် ခြံစည်းရိုးကြက်ဆူပင်များကို နိုင်ငံတော်က လျာထားသတ်မှတ်ချက် ပြည့်မီကျော်လွန်အောင် တိုးချဲ့စိုက်ပျိုးကြရေးကို စီစဉ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကောင်းစွာနားလည်သိရှိပြီး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လက်တွဲညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

စံနမူနာပြ

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မဘိမ်းမြို့ရွှေလီရိပ်သာ၌ မဘိမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ လက်တွဲ၍ နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံနမူနာပြအဖြစ် အကျိုးဖြစ်ထွန်းအောင် စနစ်တကျလုပ်ကိုင်ဆောင်ရွက်ရေးတို့ကို အကျယ်တဝင့်ရှင်းလင်းမှာကြားသည်။

ယင်းသို့ တွေ့ဆုံရာတွင် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်တို့ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ရခိုင်တန်ဆောင်းအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇွန် ၉

ရွှေတိဂုံစေတီတော်(စနေ ထောင့်) ရခိုင်တန်ဆောင်းထိန်းသိမ်းစောင့်ရှောက်ရေးအသင်း၏(၄၇)ကြိမ်မြောက် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးနှင့် အထက်တန်းအောင် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အာဇာနည်ဗိမာန်လမ်း ဗဟန်းမြို့နယ် ရခိုင်ပြည်နယ်ခန်းမှာရုံတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရန် ကျောင်းအုပ်ဆရာကြီး ဦးချစ်အေးက အသင်းတာဝန်ခံဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူတို့အား ဇွန် ၆ ရက်က ပျိုးပင်များပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

■ ***ကျော့ဖုံးမှ***

ကြည့်ရှုစစ်ဆေး၍ နံနက် ၈ နာရီခွဲတွင် ထားဝယ်ခရိုင် မေတ္တာမြို့သို့ရောက်ရှိကြပြီး ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ မေတ္တာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးကျော်ဆွေက မေတ္တာမြို့၌ ခြံစည်းရိုးကြက်ဆူပင်များကို ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ဧက ၂၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ရာ ယခုအခါ ဧက ၂၆၀ စိုက်ပျိုးပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးတင်မောင်မြင့်က ခြံစည်းရိုးကြက်ဆူပင်များကို ဇီဝလောင်စာဆီရရှိရေးအတွက် စိုက်ပျိုးနေမှု၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုနည်းစနစ်နှင့် အသုံးဝင်ပုံတို့ကိုလည်းကောင်း၊ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုက ထားဝယ်ခရိုင်အတွင်း ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

တီထွင်ကြံဆ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် ယနေ့ ကမ္ဘာတွင် လောင်စာဆီ အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း၊ နိုင်ငံတိုင်းသည် လောင်စာဆီပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် နည်းလမ်းအမျိုးမျိုး တီထွင်ကြံဆလျက်ရှိကြကြောင်း။

ထိုကဲ့သို့ လောင်စာဆီအတွက် အခက်အခဲဖြစ်နေချိန်တွင် မိမိတို့နိုင်ငံ၌ သဘာဝကဖန်တီးပေးသည့် ခြံစည်းရိုး ကြက်ဆူပင်မှ ဇီဝလောင်စာဆီထုတ်လုပ်နိုင်သည့်အခွင့်အလမ်းများ ရှိသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကို အလေးအနက်ထားကာ အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် စိုက်ပျိုးကြစေလိုကြောင်း။

ခြံစည်းရိုး ကြက်ဆူစေ့သည် ဈေးကွက်တွင် ဈေးနှုန်းကောင်းများရရှိနေပြီဖြစ်ရာ ဒေသခံပြည်သူများ အနေဖြင့် မိသားစုအပိုဝင်ငွေ တိုးတက်ရရှိရေးတို့အတွက် အိမ်ခြံဝင်းများ၌ တစ်ပိုင်တစ်နိုင်သော်လည်းကောင်း၊ မြေလွတ်မြေရိုင်းများ၌ စီးပွားဖြစ်သော်လည်းကောင်း စိုက်ပျိုးကြရန် မှာကြားလိုကြောင်းဖြင့် တိုက်တွန်း ပြောကြားသည်။

ဝေငှပေးအပ်

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား ခြံစည်းရိုးကြက်ဆူပင်နှင့် မျိုးစေ့များကို ဝေငှပေးအပ်ပြီး ခြံစည်းရိုး ကြက်ဆူပင်များ တပျော်တပါး စုပေါင်း စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တနင်္သာရီတိုင်းတွင် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြိတ်ခရိုင်၌ ၁၈၁ ဒသမ ၄၆ ဧက၊ ထားဝယ်ခရိုင်၌ ၃၃၇ ဒသမ ၉၆ ဧက၊ ကော့သောင်းခရိုင်၌ ၆၃၈ ဒသမ ၇၅ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည်မေတ္တာမြို့ရှိ ဌာနဆိုင်ရာရုံးများ အခြေအနေနှင့် မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မေတ္တာမြို့ ရဲတပ်ဖွဲ့ စခန်းသို့ရောက်ရှိပြီး တပ်ဖွဲ့ဝင်များအား လိုအပ်သည်များကို မှာကြားကာ ရဲတပ်ဖွဲ့ စခန်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မေတ္တာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိကြပြီး မေတ္တာမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံရာ ရှေးဦးစွာ မေတ္တာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးကျော်ဆွေက မေတ္တာမြို့၏ တည်နေရာနှင့် အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်၊ ဒေသဝမ်းစာဖူလုံမှု၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက ဖြည့်စွက် ရှင်းလင်း တင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးတို့အတွက် ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ မိမိတို့ အပါ အဝင် ဌာနဆိုင်ရာ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြရာ နိုင်ငံတော်က ပေးအပ်လာသည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာဖြင့် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

ဒေသခံ ပြည်သူများ၊ လူမှုရေး၊ အသင်းအဖွဲ့ဝင်များ အနေဖြင့်လည်း ဒေသဝမ်းစာဖူလုံရုံသာမက တိုးတက်ထွက်ရှိရေးအတွက် မြို့နယ်၏ အနီးပတ်ဝန်းကျင်တွင်မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ မိုးစပါး၊နွေစပါးနှင့် ဒေသ၌ ဖြစ်ထွန်းသည့် ရော်ဘာ၊ ဆီအုန်း၊ငရုတ်ကောင်းတို့ကို တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ ထိုသို့ စိုက်ပျိုးရာတွင် ဌာနဆိုင်ရာများကလည်း ဒေသခံ ပြည်သူများအား စိုက်ပျိုးရေးနည်းပညာများနှင့် အခြားလိုအပ်ချက်ကိစ္စအဝဝကို ကူညီဖြေရှင်းဆောင်ရွက်ပေးကြရန်နှင့် စံနမူနာပြ လုပ်ဆောင်ပေးကြရန်မှာကြားလိုကြောင်း ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက မေတ္တာမြို့ တိုက်နယ်ဆေးရုံအတွက်အလှူငွေများကိုတိုက်နယ်ဆရာဝန် ဒေါက်တာအောင်ဇော်လတ်သို့လည်းကောင်း၊ မေတ္တာမြို့ ပညာရေးမှူးရုံးနှင့် ရဲတပ်ဖွဲ့ စခန်းများအတွက် အလှူငွေများကိုတာဝန်ရှိသူများအားလည်းကောင်း ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မေတ္တာမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး မွန်းလွဲပိုင်းတွင် ထားဝယ်မြို့သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ထားဝယ်မြို့မှ မြန်မာ့လေကြောင်းဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မေတ္တာမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ပေါ်တူဂီနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၀၆ ခုနှစ် ဇွန် ၁၀ ရက်တွင်ကျရောက်သည့် ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ပေါ်တူဂီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခ ဒေါက်တာဒီယိုဂိုဖရီးတက် ဒိုအေမာရယ်(လ်)ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်ဖူးမြော်ပြီး ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇွန် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့တပ်မတော် Naval Command Collegeမှ ဒုတိယကျောင်းအုပ်ကြီး Rear Admiral, Li Tieminဦးဆောင်သော အဖွဲ့ဝင်ခြောက်ဦးပါ လေ့ကျင့်ရေးဆိုင်ရာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စစ်သံမှူးနှင့် သံရုံးမှတာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့သွားရောက်၍ တောင်ဘက်မုခ်ရှိ ဧည့်ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများကို ပေးအပ်လှူဒါန်းကြကာ ရွှေတိဂုံစေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ် ရေးထိုးသည်။

ကြည်ညို

ထို့နောက် ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံ စေတီတော်အား လက်ယာရစ် လှည့်လည် ကြည်ညို၍ ရင်ပြင်တော်ပေါ်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်နှင့် သာသနိက အဆောက်အအုံများကိုလည်းကောင်း၊ စဥ့်ကူးမင်းခေါင်းလောင်းတော်၊ သာယာဝတီမင်း ခေါင်းလောင်းတော်နှင့် မင်းတုန်းမင်းတရားကြီးလက်ထက်က တင်လှူခဲ့သော ထီးတော်ဟောင်းတို့ကိုလည်းကောင်း ကြည့်ရှုလေ့လာကြည်ညိုကြသည်။

ယင်းနောက် ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အရှေ့ဘက် အာရုံခံတန်ဆောင်း၌ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး ပန်းနှင့် အမွှေးနံ့သာများဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြပြီး ပြခန်းများကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့တပ်မတော် Naval Command College မှ ဒုတိယကျောင်းအုပ်ကြီး Rear Admiral, Li Tiemin ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့ပြီးနောက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Senior Colonel, Ma Shoudongနှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

❒ ***ကျော့ဖုံးမှ***

အဆိုပါ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ဇူလိုင် ၉ ရက်တွင် ဘာလင်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဇွန် ၁၀ ရက်တွင် ပါရာဂွေးအသင်းနှင့် ကစားမည့်အင်္ဂလန်အသင်းသည် ဗိုလ်စွဲမည်ဟု ရေပန်းစားနေသာ အသင်းများတွင် ပါဝင်သည်။

တက်ရောက်

အဆိုပါ ကမ္ဘာ့ဖလားဖွင့်ပွဲသို့ ဘောလုံးသမားဟောင်းများဖြစ်ကြသည့် ပီလီ၊ ဒီဂိုမာရာဒိုနာ အစရှိသော ဘောလုံးသမား ၁၅၀ ကျော်တို့ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဂန္ထဝင်ဘောလုံးသမား

ပီလီသည် ဘရာဇီးအသင်းနှင့်အတူ၁၉၅၈၊ ၁၉၆၂ နှင့် ၁၉၇၀ ပြည့်နှစ်များတွင် ကမ္ဘာ့ဖလား ဆွတ်ခူးပေးနိုင်ခဲ့သည့် ဂန္ထဝင် ဘောလုံးသမားဖြစ်သည်။ ၎င်းက မြူးနစ်အားကစားကွင်းသို့ ကမ္ဘာ့ဖလားကို သယ်ယူလာရာ ဂျာမန်စူပါမော်ဒယ် ကလော်ဒီယာရှီဖာက အဖော်အဖြစ် ခြံရံလိုက်ပါလာသည်။

ထည်ဝါစွာ

ဖွင့်ပွဲ အခမ်းအနား အကြိုကာလတွင် အဆိုပါ အားကစားကွင်းကြီးကို အထူးခြားဆုံး ထည်ဝါစွာ ပြင်ဆင်ထားသည်။

သူရိယနေမင်းကြီးသည် အဆိုပါအားကစားကွင်းကြီး ဗဟိုမှ အနောက်ဘက်သို့ ထိုးဆင်းနေချိန်တွင် ဂျာမနီဘောလုံးပရိသတ်များက ယင်းတို့၏ အလံများ၊ ဦးထုပ်များနှင့် တီရှပ်များကို ဝတ်ဆင်လျက် ကွင်းအတွင်းသို့တဖွဲဖွဲဝင်ရောက်လာကြသည်။ ဖွင့်ပွဲအခမ်းအနား ဖျော်ဖြေရေးစင်များမှ ဘောလုံးပွဲမစတင်မီ ဂီတသံစဉ် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

အားပေးခဲ့

ယင်း အားကစားကွင်းကြီးသို့ ကမ္ဘာတစ်ဝန်းမှ ဘောလုံးဝါသနာရှင်များ လာရောက်အားပေးခဲ့ကြသည်။

ဂျာမန်ပရိသတ်များသည် ယင်းတို့၏အသင်း ဖွင့်ပွဲတွင် အနိုင်ရရှိရေးအတွက် အထူးအားပေးခဲ့ကြသည်။ ကော့စတာရီကာပရိသတ်များလည်း ပြိုင်ပွဲမကျင်းပမီ တဖွဲဖွဲရောက်ရှိလာကြသည်။ ယင်းတို့သည် ဂျာမန်ကစားဖော်များ၊ အသင်းတာဝန်ရှိသူများနှင့် အတူ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

ဖွင့်ပွဲ အခမ်းအနားကွင်းတွင် အနီရောင် ကော်ဇောကြီးလေးခုကို ခင်းကျင်းထားသည်။

ဒုတိယမြောက်ပွဲစဉ်ကို ကမ္ဘာပေါ်တွင် အကြီးဆုံး အိုလံပစ်အားကစားကွင်းကြီး၌ ပိုလန်နှင့် အီကွေဒေါအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ယင်းတို့နှစ်သင်းသည် ကော့စတာရီကာ အသင်းကို ကျော်လွှားဖွယ်ရှိသည်။ သို့ရာတွင် ၁၉၉၀ ပြည့်နှစ်က နာမည်ကြီး အာဂျင်တီးနားအသင်းကို ကင်မရွန်းအသင်းက အနိုင်ရခဲ့သည်။ ၂၀၀၂ခုနှစ်က လက်ရှိချန်ပီယံပြင်သစ်က ဆီနီဂေါအသင်းကို ရှုံးခဲ့သည်။

အဆိုပါ ဂျာမနီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသို့ လူပေါင်း တစ်သန်းခန့် လာမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ ယင်းတို့အနက် အင်္ဂလန်မှ လူပေါင်း တစ်သိန်းထက်မနည်း လာရောက်ဖွယ်ရှိသည်။

ကြည့်ရှုခဲ့

ပြီးခဲ့သည့် ၂၀၀၂ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ကမ္ဘာတစ်ဝန်းမှ လူပေါင်း တစ်ဘီလီယံခန့် ရုပ်မြင်သံကြားမှ ကြည့်ရှုခဲ့ကြသည်။ ဂျပန်နိုင်ငံ ယိုကိုဟားမား၌ကျင်းပသော အဆိုပါ ၂၀၀၂ ကမ္ဘာ့ဖလားတွင် ဘရာဇီးက ဂျာမနီကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။ ။

စုစည်းတင်ပြသူ – မြင့်မောင်စိုး

အိမ်ရှင်ဂျာမနီ ပွဲဦးထွက်အနိုင်ရရှိ

ရန်ကုန် ဇွန် ၉

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲက ဂျာမနီနိုင်ငံ မြူးနစ်မြို့ရှိ Allianz Arena အားကစားကွင်း၌ကျင်းပရာ အုပ်စု(က)မှ ဂျာမနီအသင်းက ကော့စတာရီကာ အသင်းကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဂျာမနီအသင်းက ပွဲစသည်နှင့် တိုက်စစ်ဦးစားပေးကစားရာ ပွဲစပြီး ၆ မိနစ်အကြာမှာပင် အဖွင့်ဂိုး(ပြိုင်ပွဲ၏ပထမဂိုး)ကို အလယ်တန်းလူ ဒေးဗစ်လမ်းက သွင်းယူနိုင်ခဲ့သည်။ ကော့စတာရီကာအသင်းက တန်ပြန် တိုက်စစ်ဆင်ရာ ၁၂ မိနစ်တွင် အလယ်တန်းမှ ထိုးပေးသည့်ဘောလုံးကို ဝမ်ချော့စ်က ဆွဲယူပြီး ကန်သွင်းယူ၍ ချေပဂိုးရရှိခဲ့သည်။

ဂျာမနီအသင်း မမျှော်လင့်ဘဲ ချေပဂိုးပေးလိုက်ရသဖြင့် ကစားကွက်ပြန်တည်ပြီး ထိုးဖောက်ကစားရာ ၁၇ မိနစ်တွင် ကလိုဆေးက ဒုတိယဂိုး သွင်းယူနိုင်ခဲ့သည်။ ပထမပိုင်းအပြီးတွင် ဂျာမနီက နှစ်ဂိုး–တစ်ဂိုးဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်း၌ ဂိုးထပ်မံသွင်းယူခဲ့ရာ ဂျာမနီအသင်းအတွက် ကလိုဆေးကပင် ၆၁ မိနစ်တွင်တတိယဂိုး**(အပေါ်ပုံ)**၊ ၈၇ မိနစ်တွင် ဖရင်းစ်က စတုတ္ထဂိုး သွင်းယူပေးသည်။ ကော့စတာရီကာအသင်းသည် ဒုတိယချေပဂိုးကို ၇၃ မိနစ်တွင် ဝမ်ချော့စ်ကပင် သွင်းယူပေးသည်။ ဂျာမနီအသင်း၌ မိုက်ကယ်ဘောလက်မပါဝင်၍ ရှနိုက်ဒါက အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူကစားခဲ့သည်။

(သတင်းမှတ်တမ်း–ကိုထွေး)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့
၂၆–၆–၂၀၀၆

International Day Against Drug Abuse and Illicit Trafficking
26-6-2006

မူးယစ်ဒုက္ခ မပေါ့ဆနှင့်
DRUGS ARE NOT CHILD'S PLAY

စိတ်ဝင်စားဖွယ်ရာ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ

မြင့်စိုး(နတလ)

(၁)

"အဲဒီပစ္စည်းက ကျွန်မတို့ချင်းအခေါ်အရဆိုရင် တွီကွမ်(Twi Kuang)လို့ခေါ်တယ်။ သစ်လုံးကို ထွင်းထားတာ၊ အိမ်ရှေ့ကပြင်နားမှာ ချထားတတ်ကြတယ်၊ ခပ်လာတဲ့ရေတွေကို သိုလှောင်ပြီးသုံးတဲ့ရေဇလား သဘောမျိုးပေါ့"

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့ ရောက်တုန်းရောက်ခိုက် ကျွန်တော်သိလိုသော အိမ်သုံးပစ္စည်းတစ်မျိုးနှင့် ပတ်သက်၍ ချင်းရွာ၌တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း မရှင်မွန်းကျိန်နှင့် ညောင်ခင်းဟောက်တို့ထံ မေးမြန်းခဲ့မိသည်။ တွီကွမ်ခေါ် ၎င်းသစ်ထွင်းရေဇလားကို နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ထုတ်ဝေသော ၂၀၀၆ ခုနှစ် ပြက္ခဒိန်ပါဓာတ်ပုံတစ်ပုံတွင် သတိပြုမိခြင်းဖြစ်သည်။ ကိုမိုးမင်း(Photo City)၏ လက်ရာ ယင်းဓာတ်ပုံ၌ ပြာရီမှိုင်းနေသည့် ချင်းတောင်တန်းကြီး ကမ်းပါးစောင်းတွင် မေးတင်ထားသောချင်းရိုးရာအိမ်ကလေးတစ်အိမ်၊ ၎င်းအိမ်ကလေး၏ ကပြင်၌ဆန်ဖွပ်နေသည့် ချင်းလုံမပျိုတစ်ဦး၊အိမ်အနီးမှာပေါက်နေသောတောင်ဇလပ်ပန်းပင်က တစ်ပင်လုံးရဲရဲနီစွာ ဖူးပွင့်လျက်။ ရှင်မွန်းကျိန်ပြောပြသော တွီကွမ်ခေါ်သစ်ထွင်းရေဇလားက ကပြင်ရှေ့မှာ၊ ကပြင်ပေါ်၌မူ သောက်ရေအိုး၊ ဆန်ကော၊ ဆန်ခါ၊ တောင်း၊ ဖျာတို့က ရှိမြဲသဘာဝအတိုင်း သူ့နေရာနှင့်သူ အစီအရီ။ ဓာတ်ပုံတစ်ပုံတည်းမှာပင် သုတရသအမျိုးမျိုးကို သိမြင်ခံစားနိုင်သည်။ ဓာတ်ပုံ ပုံစာကို ကျွန်တော်က တောင်ဇလပ်ပန်းနှင့် ချင်းတောင်တန်းဟု အမည်ပေးထား၏။ ကိုယ်တိုင်ဖန်တီးခဲ့သော ယင်းပြက္ခဒိန်တစ်စောင်လုံးတွင် ထိုပုံသည် ကျွန်တော်အကြိုက်ဆုံးပုံ။

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့ ခြေဦးမလှည့်ဖြစ်ခဲ့သည်မှာ အတော်ကြာပေပြီ။ ပြီးခဲ့သည့်ဧပြီလထဲ၌ မြန်မာ့ရုပ်မြင်သံကြားမှ **"ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ"**သီချင်းလေးကို ပြန်လည်ထုတ်လွှင့်ပေးခဲ့သည်။ ဂီတစာဆို ဟသ်ာတမြင့်ဌေရေးဖွဲ့သီကုံးပြီး တေးသံရှင်ရတနာဦး သီဆိုထားသော ၎င်းသီချင်းကို သရုပ်ဆောင်ရတနာခင်နှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း မြန်မာ့ရုပ်မြင်သံကြားမှ ရိုက်ကူးပေးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က နန်းမြင့်မျှော်စင်မရှိသေးပါ။ အဝင်မုခ်ဦးကြီးလည်း မဆောက်ရသေး။ ထို့အတူ ကချင်ရွာက ရေခဲတောင်၊ ကရင်ရွာက ဖွဲကပင်တောင်နှင့် မွန်ဒေသအထိမ်းအမှတ် ကျိုက်ထီးရိုးဘုရားများလည်း မရှိကြသေးပေ။ ယခုထုတ်လွှင့်သွားသည့် သီချင်း၌မူ ၎င်းအရုပ်များအားလုံးကို အသစ်ရိုက်ကူးတည်းဖြတ်ထည့်သွင်းပြီးဖြစ်သည်။ ထိုသီချင်းလေးကို ကြည့်ရှုခံစားရင်း စိတ်ကူးပေါ်လာသည်မှာ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ထပ်မံသွားရောက်ရန်ပင်။

(၂)

မေလဆန်းမှာ မိုးကတစ်ပြိုက်နှစ်ပြိုက်ရွာပြီးစ။ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့ ခြေချမိသည်နှင့် မျက်စိအေး၊ နားအေးအရသာကို ဦးစွာခံစားမိသည်။ မြင်ကွင်းအားလုံးသည် ဆိတ်ဆိတ်ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်း၊ စိုစိုပြည်ပြည်၊ လေနုအေးကလည်း သန့်သန့်ဖြူးဖြူး။ စီမံကိန်းတာဝန်ခံ ဦးထွန်းဦး(ဒုတိယညွှန်ကြားရေးမှူး-နတလ)နှင့်အတူ နန်းမြင့်မျှော်စင်အောက်ဆုံးထပ်၌ **"နန်းမြင့်ယဉ်ကျေးမှုပြတိုက်"** တည်ဆောက်နေမှု အခြေအနေကို ဝင်ရောက်ကြည့်ရှုလေ့လာခဲ့သည်။ ယင်းလုပ်ငန်းပြီးစီးသွားပါက ဒေသအထိမ်းအမှတ် နံရံဆေးရေး ပန်းချီကားများ၊ သစ်ထွင်းပန်းချီများ၊ တွေ့ရမြင်ရခဲသည့် တိုင်းရင်းသားရိုးရာ အသုံးအဆောင်ပစ္စည်းများကို တစုတဝေးတည်း ကြည့်ရှုလေ့လာနိုင်မည် ဖြစ်သည်။ နန်းမြင့်မျှော်စင်နှင့်မနီးမဝေး၌ အမိုးခုံး ကပွဲခန်းမကြီးတစ်ခု အသစ်တည်ဆောက်နေဆဲဖြစ်၏။

လမ်းသင့်သလို သွားခဲ့ခြင်းဖြစ်၍ ရခိုင်ရွာသို့ အရင်ရောက်သည်။ ရခိုင်အိမ်အနေအထားနှင့်ရှုနှင့်ပြီး ရခိုင်ရိုးရာယဉ်ကျေးမှု ပစ္စည်းတော်တော်များများကို မြင်ဖူးတွေ့ဖူးပြီးဖြစ်သည်။ ဒူးလောင်းစောင်း တူရိယာ၊ မိကျောင်းစောင်း၊ ရခိုင်မဂ်လာစည်တော်၊ ဗျာလွှအရုပ်စသည်စသည် ....။ သို့သော်ရခိုင်အိမ်မှာပြသထားသည့် ကြိုးသုံးချောင်းတပ် အုန်းမှုတ်ခွက် တယောတူရိယာ၊ ကြောင်သားရေဖြင့် ကျပ်ထားသော မာလခွံတယောတူရိယာများကိုမူ မမြင်ဖူးသေး။ ရခိုင်ရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဒေါ်နုမြခံ (ညွှန်ကြားရေးမှူး ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန)ကိုယ်တိုင် ရှာဖွေစုဆောင်းပေးထားသော ပစ္စည်းများဖြစ်ကြောင်း သိရသည်။ သံတွဲဒေသထွက် ထန်းရွက်ခမောက်များကိုလည်း ပုံသဏ္ဌာန်အမျိုးမျိုးနှင့် တွေ့ရသည်။ ဗမာရွာရှိ ဗမာအိမ်တွင် တက်ရောက်ကြည့်ရှုလေ့လာနေကြသော ရဟန်းရှင်လူ ပြည်သူအများကို အိမ်ရှေ့လမ်းမပေါ်က လှမ်းမြင်နေရ၏။ ဗမာရွာအနီး ကြေးခေါင်းပွနှင့် ပုံစံတူပြုလုပ်ထားသော မင်းကွန်းခေါင်းလောင်းကြီးကို ခံ့ခံ့ထည်ထည်တွေ့ရသည်။ ခေါင်းလောင်းကြီးပေါ်တွင် **"မင်းဖြူ မှန်မှန်ပြော (၅၅၅၅၅)"** ဟူ၍ ကြေးပိဿာချိန်ကိုပါ ဖော်ပြထား၏။ ဗမာရွာနှင့် မွန်ရွာအကြားတွင် မွန်ရိုးရာ ဆွမ်းလောင်းဇရပ်တစ်ခုရှိသည်။ မွန်စာပေနှင့် ယဉ်ကျေးမှု အဖွဲ့မှ အဘ ဦးနိုင်ပန်းရှင် ကိုယ်တိုင် ကြီးကြပ်ဆောက်လုပ်ထားခြင်းဖြစ်သည်။ ထိုဇရပ်ပေါ်တွင် နားနားနေနေ အမောအပန်းဖြေနေသူများကို တွေ့ရသောအခါ တကယ့်မွန်ဒေသအတွင်းက ခရီးသွားတွေအလား ထင်မှတ်မှားရ၏။



ဗမာရွာအနီးက မင်းကွန်းခေါင်းလောင်းကြီးကို တွေ့ရစဉ်။

နန်းမြင့်မျှော်စင်နှင့် တိုင်းရင်းသူတို့ အလှချင်းပြိုင်ကြစဉ်။

ကရင်ရွာသို့ သွားရောက်၍ ကရင်တိုင်းရင်းသားရိုးရာတူရိယာ ပစ္စည်းများဖြစ်သော ဖားစည်၊ ဗျပ်စောင်း၊ အုန်းမှုတ်ခွက်တယော၊ ကျွဲချို၊ စောင်းကောက်၊ (နာဒိန်း)တူရိယာအပါအဝင် မီးဖိုချောင်သုံးပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများကို ပြန်လည်ကြည့်ရှုလေ့လာမိသည်။ တာဝန်ကျ ဝန်ထမ်း မောင်စတင်မျိုးလွင်က သူကိုယ်တိုင်ရှာဖွေစုဆောင်းထားသည့် ဝါးမြစ်ဆုံဖြင့် ပြုလုပ်ထားသော နှစ်ယောက်အိပ် ခုတင်၊ ထိုင်ခုံ၊ ထမင်းစားခုံတို့ကိုပြသသည်။ ဝါးအခြေခံ လက်မှုပညာကို ကျွမ်းကျင်နိုင်နင်းသည့်သဘောပင်၊ နော်စေးသာကလည်း ပြည်ထောင်စုနေ့ပွဲတော်လာ ကရင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့က လက်ဆောင်ပေးခဲ့သည့် ကရင်လို(စော်ကူး)ဟုခေါ်သော ပီလမနှစ်ချပ်ကို အားကျမခံပြသည်။ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ဒေသ လယ်သူမများဆောင်းသည့် ပီလမများနှင့် ဆင်ဆင်တူသော်လည်း ရက်လုပ်မှုပုံသဏ္ဌာန်အနည်းငယ် ကွဲပြားကြောင်း တွေ့ရသည်။

ထို့နောက် ကချင်ရွာဘက်သို့ ကူး၍ ဝန်ထမ်း မောင်တန်ဂျီးနှင့် မင္ဂာဇူးမီးတို့ကို နှုတ်ဆက်သည်။ တန်ဂျီးသည် ကျွန်တော်တို့ဦးစီးဌာနက ထုတ်ဝေသော ၂၀၀၅ ခုနှစ် ပြက္ခဒိန်မင်းသားဖြစ်သည်။ ထိုနှစ်က ပြက္ခဒိန်မျက်နှာဖုံးအတွက် တိုင်းရင်းသူ ရှစ်ဦးလှည်းယဉ်စီးနေပုံကို ရွှေအင်းသား ခင်မောင်ဝင်းနှင့် ရိုက်ကူးခဲ့ရာ လှည်းယဉ်မောင်းသူနေရာတွင် တန်ဂျီးက သရုပ်ဆောင်ခဲ့၏။ ကချင်ထုံးစံအရ သားတစ်ယောက် အိမ်ထောင်ကျတိုင်း နေအိမ်တွင် လှေကားတစ်ခုတိုး၍ ပြုလုပ်ရပုံကို ၎င်းနှင့် ဆွေးနွေးကြည့်မိသည်။ ဌာဇူးမီးကလည်း ယနေ့ ကချင်ပြည်နယ်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည့် နိုင်ငံခြားသား ခရီးသွားများ စိတ်ဝင်တစားရှိခဲ့သော အမျိုးသမီးအသုံးအဆောင် ဝါးခြင်းကလေးများကို ပြသသည်။ ကချင်လို နွန်ကဝါးအွန်ဖြဲ (Num Kawa Nhpye)ဟု အမည်ရကြောင်း သိရသည်။ ကချင်အိမ်၌ ခေါင်မိုးအသစ်မိုးထား၍ စိတ်ဝင်တစား မော့ကြည့်မိ၏။ ဗမာအိမ်တွေမှာကဲ့သို့ သက်ငယ်ကို ဝါးတံတွင်သီ၍ ပျစ်၍ မိုးခြင်းမျိုးမဟုတ်ပါ၊ သက်ငယ်များကို အဆုပ်လိုက်၊ အဆုပ်လိုက် စုစည်းကာ မှန်ကူကွက်ပုံသဏ္ဌာန်ဖော်၍ မိုးထားခြင်းဖြစ်သည်။ ထူထူထဲထဲ သိပ်သိပ်သည်းသည်းရှိလှပြီးတစ်ခါမိုးလျှင် ၄-၅ နှစ်ခံသည်ဆို၏။

ရှမ်းရွာတွင်လည်း အသစ်တိုးနေသည့် လွယ်ပလိုင်း အမျိုးမျိုး၊ ရေနွေးကရား(မြေအိုး) အမျိုးမျိုးတို့ကို ဝင်ရောက်ကြည့်ရှုလေ့လာခဲ့သည်။ အင်းလေးကန်ထဲမှာ အပျော်စီးလှေစီးနေသူများနှင့် စည်စည်ကားကား ဖြစ်လို့နေသည်။ ရှမ်းရွာမှ ကယားရွာဘက်သို့ကူးပြီး မောင်ထျာရယ်၊ မောင်ငါးရယ်၊ မစူးမြာထား၊ မစူးမြာဇာဇာစသော ဝန်ထမ်းများနှင့် တွေ့ဆုံကာ ကယားဒေသသုံး နွားဝန်တင် ကုန်းနှီးများအကြောင်း၊ ကယန်း(ပဒေါင်)တိုင်းရင်းသူများ၏ ခန္ဓာကိုယ်ဖွဲ့စည်းမှုနှင့် ကိုက်ညီအောင် ပြုလုပ်ထားသော ကျောပိုးပလိုင်းအကြောင်း၊ ကယားအခေါ်အားဖြင့် "ပနယ်ခကလို့"ဟု ခေါ်သည့် ကျွဲခလောက်များအကြောင်းမှသည် စိုက်ပျိုးရေးသုံး၊ မွေးမြူရေးသုံးပစ္စည်းများအကြောင်းပါမကျန် လေ့လာ မေးမြန်းမိသည်။ ကျွန်တော်ကဲ့သို့ လာရောက်ကြည့်ရှု လေ့လာကြသူများသည် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအတွင်း ခြေကျင်တစ်မျိုး ကားနှင့်တစ်ဖုံ၊ အပျော်စီးကားများ၊ အပျော်စီးစက်ဘီးများစီး၍ တစ်သွယ်တစ်ရွာနှင့်တစ်ရွာ ကူးလူးသွားလာနေကြသည်မှာ ပျားပန်းခပ်မျှပင်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ဖားစည်အလှနှင့် ကရင်ရွာ သဘာဝအလှကို တွေ့ရစဉ်။

ဦးသီလ၏ခန္ဓာဝန်ချနှစ်(၁၀၀)ပြည့်အထိမ်းအမှတ် မော်ကွန်းတင်စာစောင်ထုတ်ဝေပူဇော်မည်

ရန်ကုန် ဇွန် ၉

သာသနာသမိုင်း တစ်ခေတ်ဟု ထင်ရှားကျော်ကြားခဲ့သော တောရဘုန်းတော်ကြီးဦးသီလ ဧရာဝတီတိုင်း ဇလွန်မြို့တွင် ခန္ဓာဝန်ချနှစ်ပေါင်း (၁၀၀)ပြည့် (ခန္ဓာဝန်ချရာပြည့်) အထိမ်းအမှတ်အဖြစ် မော်ကွန်းတင်စာစောင် ထုတ်ဝေပူဇော်မည်ဖြစ်ရာ တောရဘုန်းတော်ကြီး ဦးသီလ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ပူဇော်သောအားဖြင့် အာဂမယုတ္တိ၊ သဘာဝယုတ္တိတို့နှင့်ပြည့်စုံသော သမိုင်းဖြစ်ရပ်မှန် ဂါထာပါဠိအနက် တေးထပ်၊ ရတု၊ ကဗျာ၊ ဆောင်းပါးစာမူများကို ရေးသားချီးမြှင့်ပေးပို့ကြရန် ရာပြည့်အထိမ်းအမှတ် မော်ကွန်းတင် စာစောင် ဖြစ်မြောက်ရေးကော်မတီက တောင်းခံထားကြောင်းသိရသည်။

စာမူများရေးသားပေးပို့ရာတွင် ထေရဝါဒနှင့်ညီညွတ်ပြီး နိုင်ငံတော်အစိုးရက ချမှတ်ထားသော စာမူအင်္ဂါရပ်များ နှင့် ညီညွတ်စေရမည်။ သာသနာနှင့်ပတ်သက်သော အာဂမယုတ္တိ၊ သဘာဝယုတ္တိနှင့် ပြည့်စုံစေပြီး လက်ရေးမူဖြင့် လျှော်ကက်လွှာငါးမျက်နှာမှ ရှစ်မျက်နှာခန့်ကိုလည်းကောင်း၊ လက်နှိပ်စက်(သို့) ကွန်ပျူတာစာမူများဖြစ်ပါက လေးမျက်နှာမှ ခြောက်မျက်နှာခန့် ပါရှိရမည်ဖြစ်သည်။

ထို့အပြင် ပါဠိ-မြန်မာနှစ်ဘာသာဖြင့်သော်လည်းကောင်း၊ နှစ်သက်ရာ ဘာသာတစ်မျိုးဖြင့်သော်လည်းကောင်း **ရေးသားပေးပို့နိုင်သည်။ စာမူများကို စာရေးဟန်၊ စကားပြောဟန် နှစ်မျိုးလုံး ရေးသားနိုင်ပြီး ကိုယ်ပိုင်ရေးစာမူ ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ် ပါရှိရမည်ဖြစ်သည်။**

ရွေးချယ်ထားသောစာမူများကို စာပေစိစစ်ရေးအဖွဲ့၏ ဖြုတ်ခြင်း၊ ပြင်ဆင်ခြင်းများကို လက်ခံသဘောတူညီ **မှုရှိရမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပေ။**

စာမူများကို ဦးစန္ဒသီရိ ပုပ္ပာရုံကျောင်း ပြည်တော်ပြန်ဘုရားကြီး တောင်ဘက်မုခ် ဇလွန်မြို့၊ ဦးကောလိယ မြို့မဓမ္မာရုံ ပရိယတ္တိစာသင်တိုက် ဇလွန်မြို့ ဖုန်း-၀၄၄-၂၂၂၃၇၊ ဦးတေဇာနန္ဒ သီရိမင်္ဂလာကျောင်း သာစု ပရိယတ္တိစာသင်တိုက် နတ်စင်လမ်း ကြည့်မြင်တိုင် ရန်ကုန်မြို့ ဖုန်း-၀၁-၅၁၀၅၆၆၊ ဦးသီလ ဓာတ်တော် **စေတီအကျိုးတော်ဆောင်အဖွဲ့ ဇလွန်မြို့နှင့် ဦးနရိန္ဒ(ဓေယျာနရိန်၊မြောင်းမြ) အဆောင်မှူး စစ်ကိုင်းဆောင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ရန်ကုန်မြို့ ဖုန်း-၆၆၁၄၁၆ လိုင်းခွဲ(၁၉)တို့သို့ ဆက်သွယ်ပေးပို့နိုင် ကြောင်းသိရသည်။** (က-ပ)

မိခင်ကြီး ဒေါ်ကြည်အားရည်စူး၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ်နေ ဦးနေဇင်လတ်-ဒေါ်ခင်စန်း AMBO Co., Ltd.သားသမီးမြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်အတွက် အလှူတော်ငွေကျပ် ငါးသိန်းကို တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သံတမန်ကျွမ်းကျင်မှု သင်တန်းသား၊သင်တန်းသူများ ဝါဆိုသင်္ကန်းကပ်ရန်ညှိနှိုင်း

ရန်ကုန် ဇွန် ၉

BDS/EDS သင်တန်းသား၊ သင်တန်းသူများ၏ နဝမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၂ရက် ညနေ ၅နာရီတွင် SSစားသောက်ဆိုင်(ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်) လမ်းမတော်မြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ အပတ်စဉ်အားလုံးမှ သင်တန်းသား၊ သင်တန်းသူ ကိုယ်စားလှယ်များ တက်ရောက်ကြရန်နှင့် ကိုနိုင်ဝင်း ဖုန်း-၀၉၉၉-၂၃၅၇၇သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

MRTV-3 New Studio Complexကို ရောင်းချမည်

ရန်ကုန် ဇွန် ၉

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းကြားမြေနေရာ ၉ဒသမ၁၇ဧကရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကြီးကြပ်မှုအောက်ရှိ MRTV-3 New Studio Complexကို ကြမ်းခင်းဈေး (ကျပ်သန်း) ၁၈၅၆၉.၁၉ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချမည်ဖြစ်သည်။။ဝယ်ယူလိုသူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ဇွန် ၁၄ရက်မှစ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန အမှတ် ၃၁၃ ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့) ၌ ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို ဇူလိုင် ၁၄ရက်တွင်သာ(တစ်ရက်တည်း) နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း အဆောက်အအုံ အမှတ် ၃၂အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန နေပြည်တော်၌ တင်သွင်းရမည်ဖြစ်သည်။

ဦးစားပေးမည်

အပြီးအပြတ်ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံးဈေးနှုန်းပေးသူနှင့် ဈေးနှုန်းတူညီစွာပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်ဖြစ်သည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားတင်ပြရမည်ဖြစ်ပြီး မူလပိုင်ရှင်မဟုတ်ပါက အများဆုံးပေးဝယ်မည့်တိုင်းရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။

လျှောက်ထားသူများသည် သတ်မှတ်ထားသောပုံစံတွင် ဖြည့်စွက်လျှောက်ထားရန်ဖြစ်သည်။ အသေးစိတ်သိလိုပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန အဆောက်အအုံအမှတ် ၃၂အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နေပြည်တော်)သို့ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးမြို့ အောင်သုခ ဆရာတော်အား အမှူးထား၍ တပည့်ယောဂီများက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဂိလာန သံဃာတော်များအတွက် တိုးချဲ့ ခြောက်ထပ် ဆေးကုသဆောင်အသစ်ဆောက်လုပ်ရန် မတည်ငွေကျပ် တစ်ရာငါးဆယ့်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်နှင့်အဖွဲ့ဝင်များက လက်ခံယူစဉ်။ (က-ပ)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ရှေးအစဉ် အဆက်ကပင် ရင်းနှီးချစ်ကြည်စွာ အတူတကွ မှီတင်းနေထိုင်လာခဲ့ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ရခိုင်နှင့် ရှမ်းစသည့် တိုင်းရင်းသားလူမျိုးစုညီအစ်ကိုမောင်နှမများ၏ ယဉ်ကျေးမှုဓလေ့ ထုံးစံ၊ နေထိုင်ပုံဓလေ့စရိုက်များကို တစုတစည်းတည်း၊ တစ်နေရာတည်းတွင် လေ့လာသိရှိနိုင်ပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုဖြစ်ထွန်းစေရန် ရည်ရွယ်လျက် ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာကြီးကို တည်ဆောက်ပြသထားခြင်း ဖြစ်သည်။

တိုင်းရင်းသားကျေးရွာ အဝင်ဝ၌ အခြေခံ တိုင်ကြီးရှစ်တိုင်ဖြင့် တည်ဆောက်ထားသော မုခ်ဦးကြီးသည် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး တစ်စိတ်တည်းတစ်ဝမ်းတည်း ပေါင်းစည်းညီညွတ်ခြင်း သဘောကို ဖော်ဆောင်လျက်ရှိသည်။ အေးချမ်းသာယာသော ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာပရိဝုဏ်အတွင်း၌ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသား မျိုးနွယ်စုအားလုံးသည် ဥမကွဲသိုက်မပျက် စုစည်း နေထိုင်လျက်ရှိကြသည်။ ကူးလူးသွားလာနေကြသည်။ တစ်ဦး၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို တစ်ဦးက လေးစားလိုက်နာကြသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားအားလုံး မှီတင်းနေထိုင်ရာ တစ်ခုတည်းသောအမိမြေ။ ဤအမိမြေပေါ်၌ ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာပေါင်းများစွာ တည်ရှိနေသည်။ ပြည်ထောင်စုငယ်ကလေးများသဖွယ် ဖြစ်တည်နေကြသည်။

* **ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန် အရေးကြီးသည်။**
* **ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။**

ရန်ကုန်တိုင်း သာကေတမြို့နယ်သန်လျင်တံတားကြီးအနီးက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် ပြည်ထောင်စု စိတ်ဓာတ်များ ရှင်သန်ထွန်းကားရာ နေရာတစ်ခုဟု ညွှန်းဆိုလိုက်ချင်ပါသည်။ ။

တောင်သမန်သစ္စာရှေ့ဆောင်ရုံ၌ ပြဆဲ ကျန်ရုံအားလုံးနိုင်ငံခြားဇာတ်ကား ပြသ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဇွန် ၉

ယခုသောကြာပတ်တွင် တောင်သမန်သစ္စာ တစ်ကားတည်း ရှေ့ဆောင်ရုံ၌ ဆက်လက်ပြသနေပြီး ကျန်ရုပ်ရှင်ရုံများတွင် နိုင်ငံခြားဇာတ်ကားများ ပြသလျက်ရှိသည်။

သမ္မတရုံတွင် The Legend of Zorro၊ သွင်ရုံ၌ The Mummy Returns၊ မင်္ဂလာရုံတွင် Alien Vs Predator ဇာတ်ကားများ ပြသနေပြီး နေပြည်တော်ရုံတွင် Poseidonပြသလျက်ရှိသည်။

သမ္မတရုံတွင် ပြသလျက်ရှိသော လူစွမ်းကောင်း ဇောရိုးဇာတ်ကားမှာ နိုက်ထရိုဂျင်ဗုံးများကို မီးရထားဖြင့် တင်ဆောင်ကာ ဖောက်ခွဲဖျက်ဆီးရန် ကြံစည်သော အာမန်းနှင့် အပေါင်းပါများအား ဇောရိုး၊ အီလီနာနှင့် သားငယ် ဝါကီတို့ သုံးဦးလက်တွဲကာ တိုက်ခိုက်နှိမ်နင်းလိုက်နိုင်ပုံများကို ရိုက်ကူးထားသော အက်ရှင်စွန့်စားခန်း ဇာတ်ကားဖြစ်သည်။

ကျားတို့၏မာယာမှ ကျော်ရဲအောင်။

ရွှေဂုန်ရုံ မြေညီထပ်တွင် အိန္ဒိယနာမည်ကြီးမင်းသား သုံးဦးဖြစ်သော အမိတာဘဂျမ်း၊ အာဂျေးဒေဝခန်းနှင့် ဆန်ဂျေးဒတ်တို့ ပါဝင်သော Hum Ki˚Si Kum Nahinဇာတ်ကားရုံဝင်လာသည်။ ရွှေဂုန်ရုံအပေါ်ထပ်တွင် ဝက်စ်လီစနိုက် အထူးပါဝင် သရုပ်ဆောင်ထားသော Passenger 57 ဇာတ်ကား ပြသလျက်ရှိသည်။

ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိင်္ကာမှ ရန်အောင်နှင့် သက်မွန်မြင့်။

မြို့မရုံတွင် Aetbaar အိန္ဒိယဇာတ်ကား ရုံဝင်လာပြီး ဆုထူးပန်ရုံတွင် ရဲသုံးဖော် Qaharဇာတ်ကားပြသနေသည်။ ယင်း ဇာတ်ကားတွင် ဆွန်နီးလ်ရှက်တီး၊ ဆန်နီဒို့စ်၊ ရမ်းဘာတို့ ခေါင်းဆောင် ပါဝင်ထားသည်။

ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိင်္ကာ ဇာတ်ကားမှာ မြို့နယ် ဝဇီရာရုံနှင့် လှိုင်သာယာ ဝဇီရာ(၂)ရုံများတွင် ပြသဆဲဖြစ်သည်။

ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ကိုအောင်မင်းသိမ်း၏ **ကျားတို့၏မာယာ** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ဇွန်၁၆ရက်တွင် မဟာမြိုင်ရုံတွင် ရုံဝင်လာမည်ဖြစ်သည်။

ယင်းဇာတ်ကားတွင် ကျော်သူ၊ ရန်အောင်၊ ကျော်ရဲအောင်၊ ရဲအောင်၊ ချစ်စနိုးဦး၊ တက္ကသိုလ်ဂွမ်းပုံ၊ အေးသီတာ၊ အေးအေးခိုင်နှင့် ကြူကြူသင်းတို့ပါဝင်ထားသည်။ ယောကျ်ားတို့၏ မာယာအကြောင်း သိကောင်းစရာများကို ဟာသနှောကာ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာ့ဖလားပြိုင်ပွဲအတွင်း မွေးနေ့ကျရောက်နေသော ကမ္ဘာကျော် ဘောလုံးသမားများ

ဘာလင် ဇွန် ၉

၂၀၀၆ ကမ္ဘာ့ဖလားပွဲကြီးတွင် ပါဝင်ဆင်နွှဲမည့် ဘောလုံးသမား အရေအတွက်မှာ ၇၃၆ ဦးရှိရာ ၎င်းတို့အနက်မှ ကမ္ဘာ့ဖလားပြိုင်ပွဲများ ဆင်နွှဲနေသည့်ကာလ၌ မွေးနေ့များ ကျရောက်နေသည့် ဘောလုံးသမား

ကလိုဆေး(ဂျာမနီ)

အရေအတွက် ၆၀ ရှိကြောင်း ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ သတင်းထုတ်ပြန်ရေးအဖွဲ့က ဇွန် ၇ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

မွေးနေ့များကျရောက်

ဘောလုံးသမားများ အပြင် ဘောလုံးအသင်းနည်းပြ နှစ်ဦးနှင့် ဒိုင်လူကြီးနှစ်ဦးတို့လည်း ဇွန်၉ ရက်မှ ဇူလိုင်၉ရက်အထိ ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲရက်များအတွင်း မွေးနေ့များ ကျရောက်လျက်ရှိသည်ဟု ဆိုသည်။

ထို့ကြောင့် ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် ဘောလုံးသမား ၆၀၊ နည်းပြ နှစ်ဦးနှင့် ဒိုင်လူကြီး နှစ်ဦးတို့အပါအဝင် စုစုပေါင်း ၆၄ ဦးတို့၏ မွေးနေ့များ ကမ္ဘာ့ဖလား ပြိုင်ပွဲရက်အတွင်း၌ ဆင်နွှဲရမည့် အခြေအနေရှိသည်။

ခြောက်ဦး

ကမ္ဘာ့ဖလားပြိုင်ပွဲအတွင်း မွေးနေ့ကျရောက်နေသော ကမ္ဘာကျော်



ဇီဒန်း(ပြင်သစ်)

ဘောလုံးသမားများမှာ ပြင်သစ်အသင်းတစ်သင်းထဲမှာပင် ခြောက်ဦးပါဝင်လျက်ရှိသည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် မွေးနေ့ကျရောက်နေသော ကမ္ဘာကျော် ဘောလုံးသမားအချို့နှင့် နည်းပြတို့ကိုဖော်ပြထားရာ အောက်ပါအတိုင်းဖြစ်သည်။

ကလိုဆေး

ဂျာမနီ တိုက်စစ်မှူး ကလိုဆေးသည် ၁၉၇၈ခုနှစ် ဇွန်၉ရက် မွေးဖွားသူဖြစ်ရာ ၂၀၀၆ ကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်အဖြစ် ဇွန် ၉ရက်၌ ဂျာမနီနှင့် ကော့စတာရီကာတို့ပွဲစဉ်၌ ပါဝင်ကစားမည်ဖြစ်ရာ အသက် ၂၈နှစ်ပြည့်သည့်နေ့ဖြစ်သည်။

ဖရန့်လမ်းပတ်(အင်္ဂလန်)

မာလော့ဒါ

ပြင်သစ်ဘောလုံးသမား မာလော့ဒါသည် ၁၉၈၀ ပြည့်နှစ် ဇွန် ၁၃ရက်၌ မွေးဖွားသူဖြစ်ရာ ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြင်သစ်အသင်း ဆွစ်ဇာလန်နှင့် စတင်ကစားရမည့်နေ့ ဇွန် ၁၃ရက်သည် သူ့အသက် ၂၆နှစ် ပြည့်သောနေ့ဖြစ်သည်။

လီမာရေး

တူနီးရှားအသင်းနည်းပြ လီမာရေးသည် ပြင်သစ်နိုင်ငံသားတစ်ဦးဖြစ်ပြီး ၁၉၄၁ ခုနှစ် ဇွန် ၁၈ရက်၌

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

မွေးဖွားသူဖြစ်သည်။ တူနီးရှားအသင်း တောင်ကိုရီးယားနှင့် ကစားမည့်နေ့ရက်သည် ၎င်း၏ ၆၅နှစ် ပြည့်သောနေ့ဖြစ်သည်။

လမ်းပတ်

အင်္ဂလန်အသင်း ကွင်းလယ်ကစားသမားလမ်းပတ်မှာ ၁၉၇၈ ခုနှစ် ဇွန်၂၀ရက်၌ မွေးဖွားသူဖြစ်ရာအင်္ဂလန်အသင်း ဆွီဒင်နှင့်ကစားမည့် နေ့ရက်သည် သူ၏ ၂၈နှစ် ပြည့်သောနေ့ဖြစ်သည်။

ဇီဒန်း

ပြင်သစ်ကွင်းလယ်ကစားသမား ဇီဒန်းသည် ၁၉၇၂ခုနှစ် ဇွန်၂၃ရက်၌ မွေးဖွားသူဖြစ်သလို ပြင်သစ်ကွင်းလယ် ကစားသမားတစ်ဦးဖြစ်သည့် ဗီယာရာသည်လည်း ၁၉၇၆ ခုနှစ် ဇွန်၂၃ ရက်၌ မွေးဖွားသူဖြစ်သည်။ **(အင်တာနက်)**

တောင်ကိုရီးယားအသင်းကွင်းလယ် ကစားသမားပတ်ဂျီဆန် (မန်ယူ) (ယာ) နှင့် ကစားဖော်များလေ့ကျင့်နေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အင်္ဂလန်အသင်း အောင်မြင်မှုရရှိရန် အစွမ်းကုန် ကြိုးစားပေးသွားမည်ဟု အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ဟမ်းက ပြောကြားလိုက်သည်။

(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားအသင်း တိုဂိုအသင်းကို အနိုင်ယူမည် ကွင်းလယ်ကစားသမား ပတ်ဂျီဆန်ပြောကြား

ဘာလင် ဇွန် ၉

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် အာရှမှ တောင်ကိုရီးယားအသင်းသည် ဂျာမနီနိုင်ငံ လေဗာကူဆင်မြို့၌ လေ့ကျင့်လျက်ရှိနေရာ တောင်ကိုရီးယားအသင်းသားအားလုံး စိတ်ဓာတ်အမြင့်ဆုံးအနေအထား ရှိနေသည်ဟု အသင်းအုပ်ချုပ်သူများက ပြောကြားလိုက်သည်။

ဇွန်၁၃ရက်တွင် တောင်ကိုရီးယားတို့ တိုဂိုအသင်းနှင့် ပွဲဦးထွက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ မိမိတို့အနိုင်ရမည်ဟု ယုံကြည်နေကြောင်း တောင်ကိုရီးယားအသင်းမှ ကွင်းလယ်ကစားသမား ပတ်ဂျီဆန်(မန်ယူ)က ပြောကြားသည်။ တောင်ကိုရီးယားသည် အုပ်စု(ဆ)၌ ခြေစစ်ပွဲအောင်ရေး ခက်ခက်ခဲခဲကြိုးစားရမည်ဟု ပတ်ဂျီဆန်က ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာ့ဖလား သတင်းဂယက်

အာဂျင်တီးနား တိုက်စစ်မှူး ဆာဗီရိုလာ ကမ္ဘာ့ဖလားပွဲစဉ်များနှင့် လွဲချော်ပြီ

ဘာလင် ဇွန် ၉

၂၀၀၆ကမ္ဘာ့ဖလား ပြိုင်ပွဲဝင် အာဂျင်တီးနားအသင်းမှ တိုက်စစ်မှူးဖြစ်သူ ဂျာဗီရာဆာဗီရိုလာ **(အောက်ပုံ)** သည် အာဂျင်တီးနား အသင်းနှင့်အတူ ကမ္ဘာ့ပွဲစဉ်များ၌ ပါဝင်ကစားမှုမှာ မဖြစ်နိုင်တော့ကြောင်း သိရသည်။

အာဂျင်တီးနားအသင်းမှ နည်းပြဖြစ်သူ ဂျို့ပီကာမင်နှင့် ဆက်ဆံရေး အဆင်မပြေမှုတို့ကြောင့်ဖြစ်ကြောင်း၊ ယင်းမှာ အာဂျင်တီးနား အသင်း၏ ပထမလူစာရင်းတွင် သူ့အားထည့်သွင်းခြင်း မပြုသောကြောင့် ဖြစ်ကြောင်း သိရသည်။

ဆာဗီရိုလာသည် အာဂျင်တီးနားအသင်း၌ ဂိုးသွင်းစွမ်းရည် မြင့်မားသည့် တိုက်စစ်မှူးတစ်ဦးဖြစ်ပြီး လက်ရှိ ဘာစီလိုနာကလပ်တွင် ကစားနေသူဖြစ်သည်။ ဘာစီလိုနာအတွက် သူပြောင်းရွှေ့လာသည့် ၂၀၀၁ ခုနှစ်မှစတင်ကာ ဂိုးပေါင်း ၆၁ ဂိုးသွင်းပေးထားသူလည်းဖြစ်သည်။

မဖြစ်နိုင်

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အာဂျင်တီးနားအသင်း၌ မိမိအနေဖြင့် ပထမလူစာရင်းတွင် ပါဝင်ချင်သည့်ဆန္ဒရှိကြောင်း၊ သို့သော် မဖြစ်နိုင်တော့ကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

စပိန်နှင့်ကစားရမည့်ပွဲတွင် ရှက်ဗ်ချင်ကိုကစားနိုင်မည်

ဘာလင် ဇွန် ၉

၂၀၀၆ကမ္ဘာ့ဖလား ပြိုင်ပွဲဝင် ယူကရိန်းအသင်း၏ အဓိကတိုက်စစ်မှူး ရှက်ဗ်ချင်ကိုမှာ ဒူးဒဏ်ရာကြောင့် ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်ဖြစ်သည့် စပိန်နှင့်ပွဲတွင် လွဲရဖွယ် ရှိနေရာမှ ပြန်လည်ကစားနိုင်တော့မည်ဖြစ်သည်။

ဇွန် ၁၄ ရက်တွင် အုပ်စု(ဇ)မှ ယူကရိန်းနှင့် စပိန်တို့ကစားရမည်ဖြစ်ရာ ဒူးဒဏ်ရာ သက်သာလာသော တိုက်စစ်မှူး ရှက်ဗ်ချင်ကို ပါဝင်ကစားနိုင်မည်ဖြစ်သည်။ ရှက်ဗ်ချင်ကို၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်နေပြီဖြစ်ကြောင်း၊ စွမ်းအားပြည့် ကစားနိုင်မည်ဖြစ်ကြောင်း ယူကရိန်းနည်းပြ အိုလက်ဘလော့ကင်က ပြောကြားလိုက်သည်။

ရှက်ဗ်ချင်ကို ဒူးဒဏ်ရာမသက်သာသည့်အချိန်များတွင် မိမိစိုးရိမ်ခဲ့ရသော်လည်း ယခုအခါ ဒဏ်ရာသက်သာပျောက်ကင်းခဲ့ပြီဖြစ်သဖြင့် စပိန်နှင့်အဖွင့်ပွဲစဉ်တွင် ယူကရိန်းအသင်း၌ ကစားနိုင်တော့မည်ဖြစ်သည်။

ယူကရိန်းအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ပထမဆုံးဝင်ရောက်ဆင်နွှဲသော အသင်းဖြစ်ရာ အုပ်စု(ဇ)၌ အုပ်စုမှတက်ရေးအတွက် အရေးကြီးလျက်ရှိသည်။ အုပ်စု(ဇ)တွင် စပိန်၊ ယူကရိန်း၊ တူနီးရှားနှင့် ဆော်ဒီအာရေဗျတို့ ပါဝင်လျက်ရှိရာ ယူကရိန်းတို့ စပိန်ကို အနိုင်ကစားနိုင်လျှင် အုပ်စုမှတက်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။

(အင်တာနက်)



ယူကရိန်း တိုက်စစ်မှူး

စပိန်နှင့်ပွဲတွင် အချိန်ပြည့် ပါဝင်ကစားနိုင်မည့် ယူကရိန်း တိုက်စစ်မှူး ရှက်ဗ်ချင်ကို။

(ဓာတ်ပုံ- အင်တာနက်)



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းဝေငှထားသည် –

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန် ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)။

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၀၁၄၅၊ ၂၄၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၃၁၀

ဖျားနာနေသော တိုက်စစ်မှူး ရော်နယ်ဒို လေ့ကျင့်ရေးကွင်းဘေးမှ ထိုင်နေရ

ဘာရာဆီးလီးယား ဇွန် ၉

ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုသည် ဇွန် ၈ ရက်က လေ့ကျင့်ရေးကွင်း၌ ဖျားနာနေမှုကြောင့် မကစားနိုင်ဘဲ ဘေးမှ ထိုင်နေရသည်ဟု ဆိုသည်။

ဒဏ်ရာပေါင်း

ရီးရဲမက်ဒရစ်စတား ရော်နယ်ဒိုသည် ဇွန် ၄ ရက်က နယူးဇီလန်နှင့် ချစ်ကြည်ရေးပွဲတွင် ဒဏ်ရာပေါင်းများ ဖြစ်ပေါ်လာသဖြင့် ကွင်းအတွင်းမှ ထွက်သွားရသည်။ သို့ရာတွင် ပုံမှန်အားဖြင့် ဇွန် ၇ ရက်က လေ့ကျင့်ရေးကွင်းသို့ ပြန်လာခဲ့သည်။

ဖော်ပြ

နောက်တစ်နေ့ နံနက်တွင် အဖျားရောဂါကြောင့် ဆေးကုသမှုခံယူနေကြောင်း ဘရာဇီးဘောလုံးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပွဲကြီးပွဲကောင်း

လက်ရှိချန်ပီယံ ဘရာဇီးအသင်းသည် ဇွန် ၁၃ ရက်တွင် အဖွင့်ပွဲအဖြစ် ခရိုအေးရှားအသင်းနှင့် ပွဲကြီးပွဲကောင်းတစ်ပွဲ နွှဲရမည်ဖြစ်သည်။

သို့အတွက်ကြောင့် ရော်နယ်ဒိုအတွက် ဘရာဇီးတို့ စိတ်သောကရောက်နေကြသည်။ အသက် ၂၉ နှစ်ရှိ ရော်နယ်ဒိုသည် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ရှစ်ဂိုးသွင်းပေးနိုင်ခဲ့ပြီး ဂိုးအများဆုံးသွင်းခဲ့သူဖြစ်သည်။

၎င်းသည် စပိန်လိဂ် ကုန်ဆုံးချိန်တွင် ဒဏ်ရာကြောင့် နောက်ဆုံးပွဲများနှင့် လွဲခဲ့ရသည်။ ၎င်းသည် မေ ၂၂ ရက်က ဥရောပသို့ ထွက်လာပြီးနောက် ချစ်ကြည်ရေးပွဲ သုံးပွဲကစားရာတွင် ငါးဂိုး သွင်းပေးနိုင်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒို။

အင်္ဂလန်အသင်း လေ့ကျင့်ရေးကွင်း၌ ဂျရတ်နှင့် ရွန်နေတို့အား တွေ့ရစဉ်။

အင်္ဂလန်အသင်း၏အဖွင့်ပွဲ ဂျရတ် ပါဝင်ကစားရေး မရေရာ

လန်ဒန် ဇွန် ၉

အင်္ဂလန် ကွင်းလယ်ကစားသမား စတီဗင်ဂျရတ်သည် ပါရာဂွေးနှင့် အဖွင့်ပွဲစဉ်တွင် ပါဝင်ကစားရန် ဒဏ်ရာကြောင့် မရေရာဘဲ ဖြစ်နေသည်။

ကွင်းလယ်ကစားသမားဂျရတ်သည် ဇွန် ၇ ရက်က ဂျာမနီရှိ အင်္ဂလန် လေ့ကျင့်ရေးကွင်းတွင် ကျောဒဏ်ရာကြောင့် ပါဝင်ကစားနိုင်ခြင်း မရှိဟု ဆိုသည်။

၎င်းပါဝင်ကစားရေး၊ မကစားရေးမှာ အဆိုပါ အဖွင့်ပွဲစဉ်တွင် ၅၀ ရာခိုင်နှုန်းစီရှိနေသည်ဟုဆိုသည်။ သို့ရာတွင် အင်္ဂလန်တိုက်စစ်မှူး ရွန်နေသည် ၎င်း၏ ခြေထောက်မှန်စစ်ဆေးမှု အောင်မြင်ခဲ့သဖြင့် အင်္ဂလန်အသင်းနှင့်အတူ ပါဝင်လေ့ကျင့်လျက်ရှိရာ အုပ်စုပွဲစဉ်များ၌ပင်လျှင် ပါဝင်ကစားနိုင်ဖွယ်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ
မြင့်မောင်စိုး

ပြင်သစ်တိုက်စစ်မှူး ဆစ်ဆီဒဏ်ရာရ လီယွန်တိုက်စစ်မှူး ဂိုဗူးအား အစားထိုး

ပါရီ ဇွန် ၉

လီဗာပူးတိုက်စစ်မှူး ဆစ်ဆီသည် ဇွန် ၇ ရက်က ပြင်သစ်နှင့် တရုတ်အသင်းတို့ ကမ္ဘာ့ဖလားအကြို ချစ်ကြည်ရေးပွဲ ယှဉ်ပြိုင်ကစားရာတွင် ခြေထောက်ဒဏ်ရာရသွား၍ ပြင်သစ်အသင်းက လီယွန်တိုက်စစ်မှူး ဂိုဗူးအား အစားထိုး ရွေးချယ်လိုက်သည်။

ဆစ်ဆီသည် တရုတ်နှင့်ချစ်ကြည်ရေးပွဲတွင် ခြေထောက်ဒဏ်ရာရရှိခဲ့သည်။ ၎င်းသည် ၂၀၀၄-၂၀၀၅ ခုနှစ်ကလည်း အလားတူ ဒဏ်ရာကြောင့် အရေးကြီးပွဲများနှင့် လွဲချော်ခဲ့ရသည်။

အသက် ၂၆ နှစ်ရှိ ဂိုဗူးသည် ယူရို-၂၀၀၄ ပွဲတွင်လည်း အလားတူ အစားထိုးလဲလှယ်ခြင်းဖြင့် ပါဝင်လာခဲ့သူဖြစ်သည်။

ထိုစဉ်က မိုနာကို ကစားသမား ယခု ဘာစီလိုနာရောက် လူဒိုဗစ်ဂူလီ နေရာတွင် အစားထိုးလဲလှယ်၍ ပါဝင်ကစားခဲ့သည်။ **(အင်တာနက်)**

လူစားလဲလှယ်ခဲ့သော ပြင်သစ်တိုက်စစ်မှူး ဂိုဗူး။

(၁)နှစ်ပြောက်

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ဖေဖေ၊ မေမေတို့ရဲ့ တစ်ဦးတည်းသော သားလေး **သန်းဝေယံနိုင်** (ခ) သား **ဘိုလေး**၏ ၁၀-၆-၂၀၀၆ရက်တွင်ကျရောက်သော (၁)နှစ်ပြောက် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် ပျော်ရွှင်ပြည့်စုံသော မွေးနေ့ပေါင်းများစွာကို ဖြတ်သန်းနိုင်ပြီး ထူးချွန်လိမ္မာသည့် သားရတနာလေးဖြစ်ပါစေ။

ချစ်သော

နှစ်ဖက်သော **ဘိုးဘိုး-ဘွားဘွား**
ဘဘ-ကြီးကြီးများနှင့်
ဖေဖေ **ဒေါက်တာသန်းမိုးနိုင်**
မေမေ **ဒေါက်တာအေးမြမြတင်စိန်။**

မွေးနေ့ဆုမွန်

တစ်ဦးတည်းသော ချစ်တူလေး **သန်းဝေယံနိုင်** (ခ) သား **ဘိုလေး**ရဲ့ ၁၀-၆-၂၀၀၆ရက်တွင်ကျရောက်သော (၁)နှစ်ပြည့်မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာချမ်းသာပြီး ပျော်ရွှင်ချမ်းမြေ့သော နေ့ရက်ပေါင်းများစွာကို ပိုင်ဆိုင်နိုင်ပါစေ။

ချစ်သော

ဘဘ – ဦးသန့်စင်စိုး
ကြီးကြီး – ဒေါ်သန်းချိုနွယ်။

သားဘိုလေးအတွက် မွေးနေ့ဆုတောင်း

၁၀-၆-၂၀၀၆ရက်တွင် ကျရောက်သော တစ်ဦးတည်းသော ချစ်တူလေး သန်းဝေယံနိုင် (ခ)သားဘို လေးရဲ့ (၁)နှစ်ပြည့် မွေးနေ့ မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ပညာဉာဏ်ထက်မြက်၍ ပြီးပြည့်စုံသော ဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

ချစ်သော

တီတီ – ဒေါ်သန်းချိုအိ။

ဦးထိန်မင်း ၁၂/လသန(နိုင်)၀၁၈၇၆၀ နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City၊ ယမင်းရွှေဝါလမ်း၊ (Orchid O-144)နေ ဒေါ်တင်တင်ရီ ၁၂/လသန(နိုင်)၀၀၀၅၇၈ (ဦးထိန်မင်း၏ဇနီး)၏လွှဲအပ်ချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။ ဦးထိန်မင်း ၁၂/လသန(နိုင်)၀၁၈၇၆၀နှင့် ဒေါ်တင်တင်ရီ ၁၂/လသန(နိုင်)၀၀၀၅၇၈တို့သည် ပုသိမ်မြို့ တွဲဖက်မြို့နယ်တရားသူကြီး(အထူးရာဇဝတ်အာဏာ) ဒေါ်အမာ(တ/၂၂၇၄)ရှေ့မှောက်၌ ၁-၃-၂၀၀၆ ရက်တွင် ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာပြုလုပ်၍ တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ပါသည်။

အဆိုပါ ကတိသစ္စာပြုလွှာထိမ်းမြားမင်္ဂလာစာချုပ်ကို ဦးထိန်မင်းနှင့်ဒေါ်တင်တင်ရီတို့က အိမ်ထောင်ဘက်မရှိသော လွတ်လွတ်လပ်လပ်ရှိကြသူများဖြစ်ကြောင်းဖြင့်လည်း ဝန်ခံကတိပြုခဲ့ကြပါသည်။

ယင်းသို့ ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလုပ်၍ တရားဝင်ပေါင်းသင်းခဲ့ရာ၌ ဦးထိန်မင်းက ၎င်း၏ ပထမဇနီး ဒေါ်မြမြသင်နှင့် တရားဝင်ကွာရှင်းပြီးဖြစ်ကြောင်းဖြင့်လည်း ကွာရှင်းစာချုပ်ကို ဒေါ်တင်တင်ရီအားပေးအပ်ခဲ့ပါသည်။ ဦးထိန်မင်းနှင့် ဒေါ်တင်တင်ရီတို့သည် ယင်းကဲ့သို့ တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းပြီးနောက်၊ ဦးထိန်မင်းအမည်ဖြင့်ရှိခဲ့သော လင်မယားနှစ်ဦးပိုင် လှိုင်သာယာမြို့နယ်၊ FMI City၊ ယမင်းရွှေဝါလမ်း၊ (Orchid O-144) နေအိမ်တွင် FMI Garden Development Ltd.၏ တရားဝင်အိမ်ထောင်စုစာရင်းဖြင့် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။

ထိုသို့ပေါင်းသင်းနေထိုင်လျက်ရှိစဉ်အတွင်း ဦးထိန်မင်းသည် အကြောင်းမဲ့နေအိမ်သို့ ပြန်လည်မရောက်ရှိလာသဖြင့် ဤကြေညာချက်ကို ထည့်သွင်းရခြင်းဖြစ်ပါသည်။

ဦးထိန်မင်းသည် SRI ASIA TOURISM SERVICE CO., LTD.၏ ဒါရိုက်တာတစ်ဦးဖြစ်ပြီး ဦးထိန်မင်း၏ပြောကြားချက်များကို ယုံကြည်၍ လက်ထပ်ပေါင်းသင်းခဲ့ခြင်းဖြစ်ပါသည်။

ထိုသို့ လှိုင်သာယာမြို့နယ်၊ ယမင်းရွှေဝါလမ်းနေအိမ်တွင် ပေါင်းသင်းနေစဉ်အတွင်း ဦးထိန်မင်းသည် အကြောင်းမဲ့ နေအိမ်သို့ပြန်လာခြင်းမရှိပါသဖြင့် ခင်ပွန်း ဦးထိန်မင်းနှင့် ဒေါ်တင်တင်ရီတို့ပိုင်–

(၁) ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City ၊ယမင်းရွှေဝါလမ်း၊ Orchid O-144 ဟုခေါ်တွင်သော မြေနှင့်အဆောက်အအုံ
(၂) ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၇)လမ်း၊ အမှတ် (၅၅)၊ မြေညီထပ်ရှိ SRI ASIA TOUR Co.,Ltd.မှ ဦးထိန်မင်းပိုင် အစုရှယ်ယာများနှင့် ကုမ္ပဏီလုပ်ငန်း
(၃) ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ် (၆၄)၊ မြေညီထပ်တိုက်ခန်း
(၄) ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ညောင်ပင်လေးပလာဇာ၊အမှတ် ၅၂၅၊ အဆောင် A တိုက်ခန်း
(၅) ရန်ကုန်မြို့၊ လသာမြို့နယ်၊ စဉ့်အိုးတန်းနှင့် ၁၈လမ်းကြားရှိ မဟာဗန္ဓုလလမ်း၊ အမှတ် ၇၀၉/၇၁၃၊ ခြောက်လွှာတိုက်ခန်း

တို့ကိုဇနီးဖြစ်သူ ဒေါ်တင်တင်ရီ၏ စာဖြင့်ခွင့်ပြုချက်မရဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းနှင့် အခြားနည်းစီမံခန့်ခွဲခြင်းတို့ ပြုလုပ်ပိုင်ခွင့်မရှိကြောင်းနှင့် လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီဆောင်ရွက်ရန် ညွှန်ကြားချက်များရရှိထားပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ကျွန်မ၏ညွှန်ကြားချက်နှင့်အညီဖြစ်သည်။
ဒေါ်တင်တင်ရီ
၁၂/လသန(နိုင်) ၀၀၀၅၇၈
အမှတ် Orchid-O-144
FMI City၊ ယမင်းရွှေဝါလမ်း၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျား(၁၀၀၆)၊
ဒေါ်လှလှလွင် (၅၇၇၃)
တရားရုံးချုပ်ရှေ့နေများ
အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဝါဆိုသင်္ကန်းနှင့် စာအောင်ဆု အောင်လက်မှတ်ကပ်လှူမည်

ရန်ကုန် ဇွန် ၉

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်တွင် (၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၁ရက်) ဇူလိုင်၁၀ ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် သက်တော်ရှည် အဂ္ဂါဘိဇော၊ ဘိဓေ တွဲဖက် ရွှေကျင် သာသနာပိုင် ဘဒ္ဒန္တ ဇောတိပါလ ဆရာတော်ကြီးအားအမှူးထား၍ စာချ၊ စာသင် ဝါဆို သံဃာတော်အပါး၁၀၀၀ ကျော်တို့အား ဝါဆိုသင်္ကန်းနှင့် သာသနကုံရ ပရိယတ္တိစာမေးပွဲ အောင်ဆုနှင့် အောင်လက်မှတ် စုပေါင်း ကပ်လှူကြမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

သစ်တောတွေပြုန်း ရေမြေဆုံး ပျက်သုဉ်းကမ္ဘာ မရှည်ကြာ သစ်တောတွေစိမ်း ရေမြေထိန်း ဖွံ့ဖြိုးကမ္ဘာ လွန်ရှည်ကြာ

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရိပ်သာ၊
တိုက် ၃၊ အခန်း ၄ နေ
(ဒေါက်တာသန်းစိုး)-ဒေါ်ကြူကြူမြင့်(ခေတ္တ-ဂျပန်)တို့၏သားဦး
မောင်ဇေယျာစိုး (ခေတ္တ-ဂျပန်)
နှင့်
ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊
အေးသိဒ္ဓိကျောင်းလမ်း၊ အမှတ် ၉၆၀ နေ
(ဦးရန်လင်း-ဒေါ်လှမေ)တို့၏ဒုတိယသမီး၊
ကိုသန်းဦး(2/EMT ရွှေပြည် ရေနံသယ်/ပို့ဌာန)-မနှင်းငွေတို့၏ညီမ၊
မခိုင်ခိုင်လင်း၏အစ်မ
မစုစုဝင်း B.Sc (Botany)

တို့၏ ၄-၆-၂၀၀၆ရက်(တနင်္ဂနွေနေ့)တွင် Central Hotel၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာပန်းကုံးဆင်မြန်းပေးသော ဦးမောင်မောင်သိမ်း (အထွေထွေမန်နေဂျာ)မြန်မာ့အာမခံလုပ်ငန်းနှင့် အချိန်ပိုင်းပါမောက္ခ၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်၊ ဇနီး ဒေါ်မွန်မွန်တာ(ပါမောက္ခ၊ ဥပဒေပညာဌာန၊ ဌာနမှူး၊ ဒဂုံတက္ကသိုလ်)၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဦးစိုင်းကျော်လှ(မန်နေဂျင်းဒါရိုက်တာ) ရွှေထွန်းကုမ္ပဏီလီမိတက်နှင့် ဇနီး ဒေါ်ရွှေလီ၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့်ဧည့်သည်တော်များ၊မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဇေယျာစိုး-မစုစုဝင်း။

ပြိုင်မြင်း ထုတ်လုပ်မှုကုမ္ပဏီလီမိတက်

သင်၏ နေ့စဉ်ဝင်ငွေတိုးရန်
အခွင့်အလမ်းကောင်းတစ်ရပ်



- လိုင်စင် "ဟ" နံပါတ်ရရှိထားခြင်း
- ဈေးနှုန်းသင့်တင့်မျှတခြင်းနှင့် ဆီစားနှုန်းသက်သာခြင်း (တစ်ဂါလန် မိုင် ၆၀)
- အငှားယာဉ်၊ ကုန်တင်ယာဉ်နှင့် စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ခြင်းကြောင့် ပြိုင်မြင်း သုံးဘီးယာဉ်များကို သုံးစွဲခြင်းဖြင့် သင်၏ နေ့စဉ်ဝင်ငွေ တိုးစေပါသည်။

ခေတ်မီတိုးတက်သော နည်းပညာဖြင့် သုံးဘီးဆိုင်ကယ်တစ်မျိုးသာ ထုတ်လုပ်သည်။

ရန်ကုန်ရုံးချုပ်–အမှတ် ၂၃၆၊ [illegible]
နယ်ကိုယ်စားလှယ်များ– [illegible]

ကရဝိက်ဥယျာဉ်ကမ္ဘာ

တစ်နှစ်ပြည့်နှစ်ပတ်လည်ပွဲတော်ကြီး ဇွန် ၁၀ရက်နှင့် ၁၁ရက်

စနေနေ့ **၆း၀၀မှ၇း၃၀** **L လွန်းဝါ၊ ဟဲလေး၊ ရှင်ဖုန်း၊ ရွှေထိုက်၊ L ဆိုင်းဇီ၊ POP အဖွဲ့ဖျော်ဖြေမှု။**

တနင်္ဂနွေနေ့ **၆း၀၀မှ၇း၃၀** **Lazy Club Band နှင့် စည်သူလွင်တို့ရဲ့ ပူးပေါင်းဖျော်ဖြေမှုနှင့်**

GSM Phone ရှိသူတိုင်း ပါဝင်ကစားနိုင်မည့် SMS Shootout 2006 Contest.

လာရောက်အပန်းဖြေလည်ပတ်ကြတဲ့ အများပြည်သူအတွက်
ကိုယ်တိုင်လှီးယူစားသုံးနိုင်သော
ကိတ်မုန့်အကြီးကြီးနှင့် အခြားလက်ဆောင်များ။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၁၄၅၄(Beijing BJ1041)ယာဉ်လက်ဝယ်ရှိသူ အမည် ပေါင်းတည်မြို့နယ်၊ ဂျီအီးစီ(ပညာရေးလီမိတက်)မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပဲခူးတိုင်း(အနောက်ပိုင်း၊တိုင်းရုံး)ပြည်မြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၉၃၆၈၀ လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ခရိုင်ရုံး(ကလေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(ကလေး)။

ဝန်ထမ်းအမြန်အလိုရှိသည်

([illegible])

Lectra System ကိုင်တွယ်အသုံးပြုနိုင်သူ ကျား/မ (၁)ဦး
အသက်(၂၈)နှစ်မှ (၃၅)နှစ်အတွင်း လစာကို အတွေ့အကြုံနှင့်
အရည်အချင်းပေါ် မူတည်၍ ဆုံးဖြတ်မည်။

(Pattern နှင့် Grading ပြုလုပ်နိုင်သူကို ဦးစားပေးမည်)

လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ် ရှိရမည်။
ကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း အောက်ပါလိပ်စာသို့
CV ပေးပို့လျှောက်ထားနိုင်ပါသည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

No.6(A), Inya Road, Kamayut Township, Yangon

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊အကွက်အမှတ် ၁၅၊ ဦးပိုင်အမှတ် ၅၈၊ ၁၈လမ်းနှင့် ၁၉ လမ်းကြား၊ နန်းရှေ့ဘောလုံးကွင်းမြောက်ဘက် ဦးညိမ်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၉/မနမ(နိုင်)၀၆၅၂၁၈ က အမှုတွဲအမှတ်၀၂၂၆/၂၀၀၆-၂၀၀၇ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း၊ အမျိုးအစားပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ။

ကော့သောင်းခရိုင် ရဲတပ်ဖွဲ့၏ ၂၀၀၆-၂၀၀၇ ခု ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို မေ ၂၈ က ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့ ရဲမှူးမြင့်သိန်းက ရဲတပ်ဖွဲ့ဝင်သားသမီးများနှင့် စာရေးဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်စဉ်။(၃၈၉)

ကျောင်းအပ်နှံရေးနေ့ကျင်းပ ငွေပဒေသာပင်စိုက်ထူလှူဒါန်း

စစ်ကိုင်း ဇွန် ၃

စစ်ကိုင်း ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းနှင့် အဖွဲ့ဝင်များသည် မေ ၂၆ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့ မြို့သစ်ရပ်ကွက်ရှိ အမှတ်(၁၂)အခြေခံပညာ မူလတန်းကျောင်းတွင်ကျင်းပသော ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်၍ငွေပဒေသာပင် စိုက်ထူလှူဒါန်းသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက အလှူငွေများ ပေးအပ် လှူဒါန်းကြပြီး ချို့တဲ့နွမ်းပါးကလေး ၂၅ ဦးအား ကျောင်းအပ်နှံပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းကုန်း၌ဖွင့်

ကျောင်းကုန်း ဇွန် ၈

အခြေခံပညာ မူလတန်းလွန်ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်းခွဲ တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇွန် ၆ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာအုပ်စု ဝက်ချောင်းကျေးရွာအဆိုပါကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကံထွန်းတို့က အခြေခံပညာ အထက်တန်းကျောင်းခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေတို့က အမှာစကားပြောကြားကြပြီး အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာကြီး ဦးသောင်းမြင့်က ကျောင်းနှင့်ပတ်သက်သည့် သမိုင်းကို ရှင်းလင်းပြောကြားသည်။ (၂၆၅)

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်းရှိ ခြံစည်းရိုးကြက်ဆူ မျိုးဥယျာဉ်၌ ဖြစ်ထွန်းရှင်သန် အောင်မြင်လျက်ရှိသော ခြံစည်းရိုးကြက်ဆူ မျိုးပင်ပေါက်များတွင် မေ ၂ ရက်က အမှုဆောင်ရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင် ဦးဆောင်သောဝန်ထမ်းများ ပေါင်းမြက်များ စုပေါင်းရှင်းလင်းကြစဉ်။

(မြို့နယ်စည်ပင်)

အလှပင်များစိုက်ပျိုး

ပဲခူးတိုင်း(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မေ ၂၇ ရက်က မိုးညိုတန်းလမ်းတစ်လျှောက် လမ်းဘေးဝဲယာပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးစန်းလွင် ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၀၇၄)

စီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးရှင်းလင်း ရွှေဝါဖူးစာကြည့်တိုက်သို့ စာအုပ်များပေးအပ်လှူဒါန်း

ဂန့်ဂေါ မေ ၃၁

စိုက်ပျိုးရေးကို အခြေခံ၍စီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးရှင်းလင်းပွဲကို မေ ၁၇ ရက်က ဂန့်ဂေါမြို့နယ် တဇန်းကျေးရွာအုပ်စု အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဂန့်ဂေါခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေက ဇီဝလောင်စာဆီထုတ်လုပ်ရရှိရေးအတွက် ခြံစည်းရိုးကြက်ဆူပင်များ စနစ်တကျစိုက်ပျိုးရေးမှာကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူတို့က လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးသိန်းထွန်းအောင်တို့က တဇန်းကျေးရွာ ရွှေဝါဖူးစာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီထံသို့ စာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်းကြသည်။ (၂၇၃)

ခြံစည်းရိုး ကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ကြံခင်း ဇွန် ၄

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ မေ ၃၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအိမ်ရာ မြေလွတ်မြေလပ်များနှင့် ကျေးရွာချင်းဆက် လမ်းဘေးဝဲယာတစ်လျှောက်တို့တွင် ခြံစည်းရိုးကြက်ဆူပင် ၄၃၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

(အောက်ပုံ)(မြို့နယ် စည်ပင်)

ညောင်ရွှေ၌ ကျောင်းအပ်နှံရေးနေ့ကျင်းပ စာအုပ်များနှင့် အလှူငွေများပေးအပ်လှူဒါန်း

ညောင်ရွှေ ဇွန် ၁

ညောင်ရွှေမြို့နယ်တွင် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက်က ညောင်ရွှေမြို့ အခြေခံပညာ အထက်တန်းကျောင်းပတ္တမြားခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် မြို့နယ်ပညာရေးမှူး ဦးခွန်စိန်မြင့်တို့က အဖွင့်အမှာစကား ပြောကြားကြပြီး အလှူရှင်များက စာအုပ်များနှင့် အလှူငွေများပေးအပ် လှူဒါန်းကြသည်။ (၀၂၇)

စပါးခွံလောင်စာသုံး လျှပ်စစ်စက်ရုံတည်ဆောက်

အင်းတော် ဇွန် ၂

အင်းတော်မြို့နယ် နန့်ဆင်ကျွန်းတောရွာ ဘုန်းတော်ကြီးကျောင်းဆရာတော် ဦးဝိမလ၏ဦးဆောင်မှုဖြင့် ကျေးရွာဒါယကာများ ပူးပေါင်း၍ စပါးခွံလောင်စာသုံး ၂၄ ကီလိုဝပ်အားရှိသည့် လျှပ်စစ်စက်ရုံတစ်ရုံကိုကျောင်းဝင်းအတွင်း တည်ဆောက်လျက်ရှိရာ မေ ၂၆ ရက်ကအင်းတော်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂)ဦးကျော်ငွေ၊ အတွင်းရေးမှူး ဦးဆန်းမင်း၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချစ်ဆွေနှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်သီဟတို့က အဆိုပါစက်ရုံသို့သွားရောက်၍စက်ရုံတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြသည်။ **(၁၃၃)**

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လပြည့်ကျော်(၁)ရက်
၁၁-၆-၂၀၀၆(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀း၀၀ သုတစုံစွာ သိမှတ်စရာ (အစာသည်ဆေး-သိပ္ပံမှူးတင်)
၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ရွှေဘိုခရိုင် စက်မှုလယ်ယာ ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ)
၁၁း၃၀ မေတို့တွက်တာ လှကမ္ဘာ (နေပူပူ မိုးရွာရွာ အမြဲဆောင်ကာထားရမှာ)
၁၁း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ဘာပဲလုပ်ရလုပ်ရ
(၂) ရွှေဘုံပေါ်မှာစံချင်သူ
(၃) ပြန်လည်ဆုံစည်းကြမယ် အချစ်ရယ်
၁၂း၀၀ ကလေးများအတွက် ပုံပြင် (ညစောင့်ပုံပြင်များ)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အဲဒါရှင့်ကြောင့်)
၁၃း၁၀ ယဉ်ကျေးမှု အနုပညာ (ပတ်တီးဆရာများ၏ ပုံရိပ်လက္ခဏာများ-ဦးအောင်ကြယ်)

ညနေပိုင်း

၁၇း၀၀ ဟာဒယရွှင်ဆေး (ရေနံ့သာမောင်လူမော်နှင့်အဖွဲ့)
၁၇း၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (လူငယ့်အားမာန်-ချစ်နိုင်-စိတ်ပညာ)
၁၇း၃၀ သူ့အလှည့် (ဓနုဖြူဇော်ဦး)
၁၈း၄၅ အာယုနှင့် သာစုဆွေးနွေးခန်း
၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ English Lesson Working Knowledge
၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) အကြည့်ချင်းဆုံတော့ ရင်ခုန်တယ်
(၂) ကိုယ်သာချစ်စိတ် တိတ်တိတ်ဖြေမယ်
(၃) တိမ်လွှာမို့မို့လွင်

ကောလင်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တူညီဝတ်စုံများပေးအပ်

ကောလင်း မေ ၃၀

ကောလင်းမြို့နယ် ကြက်ခြေနီအသင်းကကြီးမှူး၍ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများ ပေးအပ်ပွဲအခမ်းအနားကို မေ ၈ ရက်က မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲမှူး ဇော်ဝင်း၊ မြို့နယ်ဆရာဝန်ဒေါက်တာ မောင်မောင်စိုး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးတင်ဝင်းနှင့် ဆရာဆရာမများ၊ သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲမှူးဇော်ဝင်းက သင်တန်းသူ သင်တန်းသား ၉၆ ဦးအား တူညီဝတ်စုံများကို ပေးအပ်လှူဒါန်းကြသည်။ **(၀၂၆)**

အိမ်ရာဆောက်လုပ်မှုကြည့်ရှု

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေသည် ဧပြီ၃၀ရက်က ရှောင်းဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအိမ်ရာဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

နွားထိုးကြီး ရှင်ပင်သာဒွန်းဦးဘုရားကြီး မြေပြာသာဒ်ပထမဘုံအဆင့်ပြုပြင်ရန်ငွေလှူဒါန်း

နွားထိုးကြီး ဇွန် ၂

နွားထိုးကြီးမြို့ဦးရှိ ရှင်ပင်သာဒွန်းဦးဘုရား မြေပြာသာဒ်ဘုံအဆင့် လေးဆင့် ပြန်လည်ပြုပြင်ရန် ပထမဆုံးအဆင့်အတွက် အလှူငွေ ကျပ် ၁၈ သိန်းလှူဒါန်းပွဲကို မေ ၆ရက်က ဆွမ်းလောင်းတန်ဆောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ရှင်ပင်သာဒွန်းဦးဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သိန်းက ကျပ်သိန်း ၈၀ ကုန်ကျမည့် မြေပြာသာဒ်ဆောင်အား ဆဋ္ဌမအကြိမ် ပြုပြင်ရန် အလှူငွေများ ကောက်ခံမှုကို ရှင်းလင်းတင်ပြသည်။

ရေစက်ချ

ဆက်လက်၍ ရှင်ပင်သာဒွန်းဦးဘုရား သြဝါဒါစရိယဆရာတော် ချိုင်းနားကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တတေဇနိယက ကိုးပါးသီလပေး၍ ရေစက်ချတရား ချီးမြှင့်ပြီး အလှူရှင် ရန်ကုန်မြို့နေ သစ်ဆန်းအကယ်ဒမီ ဖန်ချက်စက်ရုံပိုင်ရှင် ဦးအောင်စည်-ဒေါ်တင်လှိုင် မိသားစုက အလှူငွေ ကျပ်၁၀သိန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်သို့ ပေးအပ်လှူဒါန်းသည်။

အလှူခံရရှိ

ရှင်ပင်သာဒွန်းဦးဘုရား မြေပြာသာဒ်ဆောင်ပြုပြင်ရန် နွားထိုးကြီးမြို့နယ်သူ မြို့နယ်သားများနှင့် အလှူရှင်များထံမှ အလှူငွေကျပ် ၁၂၅ သိန်းကျော် အလှူခံရရှိပြီးဖြစ်သည်။ (၂၂၇)

မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်စုံပြကျေးရွာ ဝေဠုဝန် မစိုးရိမ်စာသင်တိုက် ဖွင့်ပွဲအခမ်းအနားကို မေ ၁၈ ရက်က ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ မကွေးဆရာတော်က ဖွင့်လှစ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီး ၅၃ဦး အတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ်၂၀၂၀၀၀ပေးအပ်ပွဲကို မေ၃၁ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြင့်စိန်က ပညာသင် ထောက်ပံ့ငွေ ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ဟင်္သာတတွင် ပညာသင်စရိတ်နှင့် ဝတ်စုံစရိတ် ထောက်ပံ့ကြေးပေးအပ်

ဟင်္သာတ ဇွန် ၃

ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းနှင့်ဝန်ထမ်းသားသမီးများ၏ ပညာသင်စရိတ်နှင့် ဝတ်စုံစရိတ် ထောက်ပံ့ကြေး ပေးအပ်ပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီက ဟင်္သာတမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းသားသမီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်က ပညာသင်စရိတ်နှင့် ဝတ်စုံစရိတ်ထောက်ပံ့ကြေးပေးရခြင်းနှင့် ဝန်ထမ်းတစ်ဦးချင်း ထားရှိရမည့် စိတ်ဓာတ်၊ စည်းကမ်း၊စေတနာတို့ကို မှာကြားပြီး ဝန်ထမ်း ၃၀ အတွက် ဝတ်စုံစရိတ်နှင့် ဝန်ထမ်းနှင့် ဝန်ထမ်းသားသမီး ၂၃ ဦးအတွက် ပညာသင်စရိတ် စုစုပေါင်း ငွေကျပ်၂၅၀၀၀၀ ကို ဝန်ထမ်းများကိုယ်စား အကြီးတန်းစာရေး ဦးစိုးသန်းအား ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

ရေတာရှည်၌ ခြစ်စည်းရိုးကြက်ဆူပင်စိုက်ပျိုး

ရေတာရှည် ဇွန် ၂

လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန မြန်မာ့ကြံလုပ်ငန်း (၁၂)နှစ်မြောက် အထိမ်းအမှတ် ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကို မေ၂၅ရက် နံနက်၉နာရီက အမှတ်(၆) သကြားစက် ရေတာရှည်စိုက်ကွင်းဝင်းအတွင်းရှိ မြေရှစ်ဧကတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးတင်ငြိမ်းနှင့် စက်ရုံမှူးဦးအောင်နိုင်တို့က စိုက်ကျင်းအတွင်း ကြက်ဆူပင် စိုက်ပျိုးပေးခြင်းနှင့် အပင်ရေလောင်းခြင်းတို့ဖြင့် ဖွင့်လှစ်ပေးပြီး ဌာနမှူးများ၊ စက်ရုံဝန်ထမ်းများက အသင့်ပြုလုပ်ထားသော စိုက်ကျင်းများတွင် ကြက်ဆူပင် အပင် ၁၀၀၀၀ ကို စနစ်တကျ နေ့ချင်းပြီး စိုက်ပျိုးကြသည်။ (က-ပ)

ဘုတ်ပြင်းမြို့၌ စာသင်သားများအား စာအုပ်များလှူဒါန်း

ဘုတ်ပြင်း မေ ၃၁

ဘုတ်ပြင်းမြို့ ပရိယတ္တိစာသင်တိုက်ရှိ စာသင်သားများထံ စာအုပ်များ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို မေ ၁၇ရက် မွန်းလွဲ ၂ နာရီက အဆိုပါ ပရိယတ္တိ စာသင်တိုက်အတွင်း၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် ပရိယတ္တိစာသင်တိုက်ရှိ စာသင်သားများနှင့် နွေရာသီယဉ်ကျေးမှု သင်တန်းသား သင်တန်းသူ ၇၀ တို့အား ဗလာစာအုပ်များ လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ပင်းတယတွင် ကျောင်းအပ်နှံရေးနေ့ကျင်းပ စာရေးကိရိယာနှင့် ပုံနှိပ်စာအုပ်များပေးအပ်

ပင်းတယ ဇွန် ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၁၀ နာရီက ပင်းတယမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးစိုးမြင့်က အမှာစကားပြောကြားပြီး ပညာရေးမှူး ဒေါ်ခင်စန်းမြင့်က ၂၀၀၆-၂၀၀၇ခုနှစ် ကျောင်းအပ်နှံရေးနေ့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပင်းတယမြို့ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းရီက သူငယ်တန်းကျောင်းသား ကျောင်းသူများအတွက် ငွေကျပ် ၂၄၆၄၀၀ တန်ဖိုးရှိ စာရေးကိရိယာနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ ပေးအပ်ပြီး စေတနာအလှူရှင် ၁၃၃ ဦးကိုယ်စား အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများက ငွေကျပ် ၅၁၁၉၀၀ ကို ကျောင်းသား ကျောင်းသူများအား ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိသော လမ်းဘေးဝဲယာ ပန်းအလှအုတ်ခုံများ တည်ဆောက်မှုလုပ်ငန်းကို မေ ၁၄ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းလှိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်သိန်းထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

ကညွတ်ကွင်း၌ အင်္ဂလိပ်စာသင်တန်းဆင်း သိပ္ပံခန်းသုံး ထောက်ကူပြုပစ္စည်းများ လှူဒါန်း

ကညွတ်ကွင်း ဇွန် ၁

ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်း ပညာရည်မြှင့်တင်ရေး ကော်မတီကကြီးမှူး၍ နွေရာသီအင်္ဂလိပ်စာသင်တန်းကို ရန်ကုန်မြို့ ILBC သင်တန်းကျောင်းမှ အခမဲ့ကူညီမှုဖြင့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် စာတွေ့၊ လက်တွေ့ သင်ကြားပေးပြီး မေ ၂၃ ရက် နံနက် ၁၀နာရီက သင်တန်းဆင်းပွဲကို ကညွတ်ကွင်းအထက မြရတနာခန်းမဆောင်တွင် ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ နယ်မြေခံ တပ်နယ်မှ တပ်မိသားစုဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မိဘဆရာ အသင်းဝင်များ၊ သင်တန်း မိသားစုများနှင့် ကွင်းရှေ့/ကွင်းနောက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ကွင်းနောက် ဥက္ကဋ္ဌ ဦးအောင်မြင့်၊ ကွင်းရှေ့ ဥက္ကဋ္ဌ ဦးစံမြင့်၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးစိုးလင်းဦးတို့က ကျေးဇူးတင်စကား ပြောကြားကြပြီး ILBC သင်တန်းကျောင်း၏ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းက ကညွတ်ကွင်းအထက၌ အသုံးပြုရန် သိပ္ပံခန်းသုံး လက်တွေ့ထောက်ကူပြုပစ္စည်းများကို ကျောင်းအုပ်ကြီး ဦးတင်ဌေးအား ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဆရာ ဦးတင်စိန်နှင့် မြို့မိမြို့ဖများက သင်တန်းဖြစ်မြောက်အောင်ကူညီကြသော ရောင်နီဦးကုမ္ပဏီ ဦးအောင်ဝင်းနှင့် သင်တန်းတာဝန်ခံ ဆရာဆရာမများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **(အောက်ပုံ)** (မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

စလေ အထက ဆရာကန်တော့ပွဲဖိတ်ကြားခြင်း

စလေ အထက (96-Batch) ကျောင်းသား ကျောင်းသူများမှ(၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ၁-၇-၂၀၀၆ရက် စလေ အထကတွင် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်ဖြစ်ပါ၍ ကျွန်တော် ကျွန်မတို့အား သင်ကြားပေးခဲ့ပါသော ဆရာ ဆရာမကြီးများနှင့် (96-Batch) ကျောင်းသားကျောင်းသူများအား ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-

သိန်းထွန်းအောင် -၀၁-၅၁၁၁၈၂၊ ၀၉-၅၀၀ ၃၄၄၆

ခိုင်ဇာဇာဝေ -၀၁-၇၂၇၄၃၆

စန်းစန်းထွေး -၀၆၃-၄၀၂၂၄။

မွေးနေ့ဆုတောင်း

ချစ်သမီးကြီး **စုစု(ခ)မစုသီရိအောင်** Grade VI A အထက(၂) ဒဂုံရဲ့ ၁၀-၆-၂၀၀၆ရက်တွင် ကျရောက်သောမွေးနေ့မှသည် နောင်နှစ်ပေါင်း များစွာတိုင် စိတ်၏ချမ်းသာခြင်း၊ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ၍ ရည်မှန်းချက်ပန်းတိုင်သို့ ပြည့်စုံအောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဘဘကြီး	-	**ဦးထွန်းအောင် ညွှန်ကြားရေးမှူး(စီမံ-ဘဏ္ဍာ) (ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန-(ငြိမ်း)**
ချစ်အန်တီကြီး	-	**ဒေါ်ခင်ဝင်းသော်(ကျောင်းအုပ်ဆရာမကြီးအထက-၁ ဗဟန်း-(ငြိမ်း)**
ချစ်ဖေဖေ	-	**ဦးဌေးအောင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ဆောက်လုပ်မှုစစ်ဆေးရေးဦးစီးဌာန)**
ချစ်မေမေ	-	**ဒေါ်မေမြတ်ချို (စာရင်းစစ်ချုပ်ရုံး -ငြိမ်း)**
ချစ်မောင်ငယ်လေး	-	**သားသား(ခ)မောင်ထက်မြတ်အောင် Grade II A အထက(၂)ဒဂုံ။**

Saya Wallace B.Sc C.S.C (AUSTRALIA)
(SPOKEN ENGLISH WITH GRAMMAR)
1. PRACTICE
2. PRACTICE
JUNE / 2006
AIRCON

အမည်ပြောင်း

တောင်ကြီးမြို့ အထက(၃) သတ္တမတန်းမှ အဖဦးစိုင်းခမ်းခေါင် (ခ) စိုင်းကံဟိန်း၏သားဖြစ်သူ စိုင်းထိုင်းဝမ်းအား စိုင်းမွန်းခမ်းဟု ပြောင်းလဲခေါ်ပါရန်။ **စိုင်းမွန်းခမ်း။**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရောဝတီတိုင်းတရားရုံး ပုသိမ်မြို့

၂၀၀၆ ခုနှစ်၊ တရားမဇာရီမှု အမှတ်-၁၀

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ပုသိမ်မြို့။ **တရားလို**	**နှင့်**	၁။ ဦးသိန်းအောင် ၂။ ဒေါ်အေးအေးဝင်း **တရားရှုံးများ**

၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၉ တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၀၆ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ မြန်မာသက္ကရာဇ်(၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ပုသိမ်မြို့၊ ရယက(၆)နယ်မြေ၊ အောင်ချမ်းသာ ၅ လမ်းထိပ်၊ အိမ်အမှတ် ၁၅၈၇၊ ရွှေဘိုတပ်တောင်အကွက်၊ ၂၀၀၀-တန် အောင်ချမ်းသာအကွက်၊ အကွက်အမှတ်၁၁၀၊ ဦးပိုင်အမှတ် ၁၈၂ဧရိယာ၀ဒသမ၀၅၅ ဧကရှိဂရန်မြေနှင့် ယင်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသော နှစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံး။

ကြမ်းခင်းဈေး ကျပ်သိန်း ၃၀၀။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာတရားနိုင်က တရားရုံးသို့တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်ကန်သောစကားပါခြင်း၊သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကမ်ဇခုပ်

တွဲဖက်တိုင်းတရားသူကြီး၊ ရောဝတီတိုင်းတရားရုံး။

အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းနိုင် ၁၂/သဃက(နိုင်)၀၀၆၄၃၃၊ ဒေါ်နွယ်နွယ်စိုး ၁၂/သဃက(နိုင်)၀၀၆၄၃၇၏ အထွေထွေကိုယ်စားလှယ်စာရရှိသူ တိုက်(၂၃)၊ အခန်း(၇)၊ မင်းဒင်လမ်း၊ ၂၉-ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်မြို့နေထိုင်သူက ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် မြေတိုင်းရပ်ကွက် ၂၉၊ မြေကွက် အမှတ် ၁၃၅၊ နှစ် ၆၀ မြေငှားဂရန် အလျားပေ ၆၀ × အနံ ပေ ၆၀၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧက ပေ ၃၆၀၀၀ ဦးတင်မောင်ရီ အမည်ပေါက်မြေကွက်ကို ဝယ်ယူရန် ဒေါ်မြတ်ထွေးအိ ၁၂/ကမရ (နိုင်)၀၄၈၁၅၉ သို့ စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ရောင်းဝယ်မှုအတည်ပြု၍ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စိုးစိုးနွဲ့ (အယ်လ်အယ်လ်ဘီ)အထက်တန်းရှေ့နေ (စဉ်- ၂၁၉၈၀)

ဒေါ်စန်းစန်းဝင်း (အယ်လ်အယ်လ်ဘီ) အထက်တန်းရှေ့နေ (စဉ်- ၂၃၇၅၁)

ဒေါ်ဇာဇာထွေး (အယ်လ်အယ်လ်ဘီ) အထက်တန်းရှေ့နေ (စဉ်- ၂၃၉၈၆)

တိုက်-၉/၁၁၊ အခန်း(အီး)၊ ၃၆-လမ်း (လမ်းတို)

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း အလှကုန်ပစ္စည်း စက်ရုံအတွက် အောက်ဖော်ပြပါ ကုန်ကြမ်းပစ္စည်းများ ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမည်		အရေအတွက်	တင်ဒါပိတ်မည့်ရက်/အချိန်
၁။	Sorbitol	kg	၂၀၀၀၀	(၁၄-၆-၂၀၀၆)ရက် (၁၄း၀၀)နာရီ
၂။	Magnesium Carbonate(Light)	။	၉၅၀၀	။
၃။	Zinc Oxide	။	၄၀၀၀	။

၂။ အသေးစိတ်အကြောင်းအရာများကို အလှကုန်ပစ္စည်းစက်ရုံတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပြီး တင်ဒါပုံစံများ ဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်-၅၆၅၇၁၅၊ ၅၆၅၁၇၂၊ ၅၆၅၃၃၃။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ လှိုင်းဘွဲ့မြို့၌ကျင်းပ အပင်မှအကိုင်းမျိုးပွားထုတ်ယူပုံ နည်းစနစ်များရှင်းလင်း

လှိုင်းဘွဲ့ မေ ၃၀

လှိုင်းဘွဲ့မြို့နယ် ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို မေ ၂၂ ရက် နံနက် ၉ နာရီက လှိုင်းဘွဲ့မြို့နယ် ကမော့ကချူး ကျေးရွာရှိ မြေကွက်လပ်တွင် ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးတင်မောင်ညွှန့်နှင့် တပ်မတော်အရာရှိများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်မင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရဲမြင့်နှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ မြို့နယ်ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

တောင်ကုတ်မြို့ ၂၀၀၆ ခုနှစ် အဆင့်မြင့် ကုန်စည်ပြပွဲနှင့် ဈေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို မေ ၂၀ ရက်က တောင်ကုတ်မြို့ ကားဂိတ်ကွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းနှင့် ဦးအာကာမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်မင်းက ကြက်ဆူပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးဖြစ်ထွန်းမှုကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးစိုးမောင်က ကြက်ဆူပင်စိုက်ပျိုးရေး နည်းစနစ်များနှင့် မြို့နယ်သစ်တော ဦးစီးမှူး ဦးမိုက်ထန်က အပင်မှအကိုင်း မျိုးပွားထုတ်ယူပုံနည်းစနစ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကြက်ဆူပင်စိုက်ပျိုးပွဲတွင် တက်ရောက်လာကြသူများက စိုက်ဧက ၂၀ အတွက် အပင်ပေါင်း ၂၄၀၀၀ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

စစ်မှုထမ်းဟောင်း သားသမီးများ ထောက်ပံ့ငွေပေးအပ်

ကော့ကရိတ် မေ ၃၀

၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ကော့ကရိတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ထောက်ပံ့ငွေ ချီးမြှင့်ခြင်း အခမ်းအနားကို မေ၂၄ ရက်က မြို့နယ်စစ်မှုထမ်းဟောင်းရုံးခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက စစ်မှုထမ်းဟောင်း အဖွဲ့ဝင် သားသမီးများအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

စဥ့်ကူးမြို့နယ် မိခင်/ကလေးအသင်းလုပ်ငန်းများ ကြိုးစားဆောင်ရွက်သူများ ဝတ်စုံနှင့်ဂုဏ်ပြုဆုချီးမြှင့်

စဥ့်ကူး ဇွန် ၃

စဥ့်ကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းများအပေါ် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဝတ်စုံနှင့်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၁ ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကေသီမော်က ဝတ်စုံပေးအပ်ချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကေသီမော်က မိခင်နှင့်ကလေး လုပ်ငန်းများအပေါ် အင်တိုက်အားတိုက် ကွင်းဆင်းကြိုးစားဆောင်ရွက်ခဲ့သူများ၏ကိုယ်စားအဖွဲ့ဝင်ဒေါ်သောင်းသောင်းဌေးအားလည်းကောင်း၊ ကွင်းဆင်းဆောင်ရွက်ရာတွင် ဝိုင်းဝန်းပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကြသော ကျေးရွာဥက္ကဋ္ဌများ၏ကိုယ်စား လက်ပန်ကုန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအားလည်းကောင်း ဝတ်စုံများနှင့်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

တီးတိန်၌ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုး

တီးတိန် မေ ၃၁

ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းကျေးရွာတွင် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို မေ ၁၇ရက်က ကလေး-သိုင်းငင်းကားလမ်း ကိုးမိုင်အနီးတွင် ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်တွင် ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးအောင်၊ ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးကျော်ဆင့်၊ ခရိုင် စိုက်ပျိုးရေးမန်နေဂျာဦးဟွတ်နှင့် တီးတိန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဂိုဆွင်းခိုင်တို့ တက်ရောက်ကြပြီး ဒေသခံ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများစုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင် ၂၀၀၀ကျော်ကို စိုက်ပျိုးပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်-ရေတွင်းကုန်း-အင်းပရိလမ်း ဂဝံခင်းရန်အတွက် မူလမြေသားလမ်း ပြုပြင်မှုနှင့်ဂဝံစုဆောင်းထားမှု အခြေအနေကို မေ ၃၀ ရက်ကအမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး

ဦးတင်နုကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းကိုကိုက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ် ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပေါ်တူဂီနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၀၆ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သည့် ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ပေါ်တူဂီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဟိုဆေး ဆိုကရေးတီး ကာဗဲလ်ဟို ပင်တို ဒီဆူဇာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ထားဝယ်ခရိုင် မေတ္တာမြို့ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတွင် လူမှုရေးအသင်းအဖွဲ့ဝင်များအား ခြံစည်းရိုးကြက်ဆူပျိုးပင်နှင့်မျိုးစေ့များ ပေးအပ်စဉ်။ (သတင်းစဉ်)

ဒေသဝမ်းစာဖူလုံရုံသာမက တိုးတက်ထွက်ရှိရေး မြေလွတ်မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ရော်ဘာ၊ ဆီအုန်းနှင့် ငရုတ်ကောင်း တိုးချဲ့စိုက်ပျိုး

နေပြည်တော် ဇွန် ၉

တနင်္သာရီတိုင်း ထားဝယ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးလိုက်ပါလျက် ဇွန်၆ရက် နံနက်၇နာရီတွင် ထားဝယ်တပ်နယ်အစည်းအဝေးခန်းမ၌ ထားဝယ်တပ်နယ်မှ ဦးစီးအရာရှိများအားတွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

တက်ရောက်အားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ထားဝယ်-ပရိကာ-တောင်သုံးလုံး-မေတ္တာကားလမ်းအခြေအနေကို မော်တော်ယာဉ်များဖြင့် **စာမျက်နှာ ၉ ကော်လံ ၁** ■

ယနေ့ကမ္ဘာ့ဖလားပွဲနှင့် သူတို့အမြင်

ဇွန်၁၀ရက်(ယနေ့)ကစားကြမည့် ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များနှင့်ပတ်သက်၍ အမြင်များကို ဆက်သွယ်မေးမြန်း ဖော်ပြလိုက်ပါသည်။

ဝါရင့်အားကစားကလောင်ရှင် ဆရာမောင်ရဲဝင်း

"ပထမပွဲ အင်္ဂလန်နိုင်မယ်၊ အလွန်ကံဆိုးမှ သရေပွဲဖြစ်မှာပါ၊ ရွှန်နေ မပါပေမယ့် ပြဿနာမရှိပါဘူး၊ အင်္ဂလန်မှာ လူကောင်းတွေအများကြီးရှိတယ်၊ ဘောလုံးဟာ တစ်ဦး တစ်ယောက်ကောင်းနဲ့ ကစားလို့မရဘူး၊ ပါရာဂွေးအသင်း အင်္ဂလန်ကို မယှဉ်နိုင်ပါဘူး။

အုပ်စု(ခ) ထရီနီဒက်နှင့် ဆွီဒင်တို့ပွဲမှာ ဆွီဒင်နိုင်မယ်၊ ဆွီဒင်က အုပ်စုပထမ ချိန်နေတာမို့ နိုင်အောင် ကစားမယ်၊ ဆွီဒင်တို့နိုင်ပေမယ့် ဂိုးမပြတ်နိုင်ဘူး၊ ထရီနီဒက်တို့ ဆွီဒင်ကို ဘယ်လိုမှ မယှဉ်နိုင်ဘူး။

အာဂျင်တီးနားနဲ့အိုင်ဗရီကို့စ်အသင်း ကစားတဲ့ပွဲကတော့ အာဂျင်တီးနားတို့ နိုင်မှာပါ၊ အိုင်ဗရီကို့စ်ဟာ အာဖရိကမှာ ဘယ်လောက်ကောင်းကောင်း အာဂျင်တီးနားကို သရေတောင်မကစားနိုင်ပါဘူး၊ တောင်အမေရိကဘောလုံးအင်အားကြီးနိုင်ငံဖြစ်တဲ့အပြင် ခြေလည်းကွာပါတယ်။"

မြန်မာ့လက်ရွေးစင်အသင်းခေါင်းဆောင်ဟောင်း မျိုးလှိုင်ဝင်း

"အင်္ဂလန်နဲ့ပါရာဂွေးတို့ပွဲကတော့ အင်္ဂလန်အတွက်အရေးကြီးတယ်၊ အင်္ဂလန်တို့အနိုင်ရအောင် ကစားမှာပါ၊ အင်္ဂလန်အနိုင်ရမယ်လို့ ထင်တယ်။

ထရီနီဒက်နဲ့ဆွီဒင်ပွဲမှာတော့ ဆွီဒင်နိုင်မယ့်ပွဲပါ၊ ဆွီဒင်ကို ထရီနီဒက်တို့ ခြေရည်တူမကစားနိုင်ပါဘူး၊ ကစားခဲ့ရင်တောင်မှ သရေကျအောင် မနည်းကြိုးစားကစားရမှာပါ၊ ဆွီဒင်ကို မကျော်နိုင်ပါဘူး။

အာဂျင်တီးနားနဲ့အိုင်ဗရီကို့စ်ပွဲဟာ ခြေကွာပါတယ်၊ အာဂျင်တီးနားတို့ အနိုင်ရမယ့်ပွဲပါ၊ အိုင်ဗရီကို့စ် ခြေစွာပေမယ့် တောင့်တင်းတဲ့ အာဂျင်တီးနားတို့ကို သရေပွဲဖြစ်ဖို့တောင် မလွယ်ပါဘူး။"

ပန်းချီဆရာနှင့် အဆိုတော် နေမျိုးဆေး

"အင်္ဂလန်အသင်း ပါရာဂွေးကို ခက်ခက်ခဲခဲကစားရမှာဖြစ်ပြီး နိုင်ရင်တောင် ကပ်ပြီး အနိုင်ရနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အင်္ဂလန်နည်းပြ အဲရစ်ဆင်က ပါရာဂွေးအသင်းကို သေသေချာချာ ဂရုစိုက်ကစားမယ်လို့ သတိပေးထားမှုလည်း ရှိနေပါတယ်။

ဆွီဒင်နဲ့ထရီနီဒက်ပွဲမှာတော့ ဆွီဒင်နိုင်မှာပါ၊ ဆွီဒင်တို့က အနိုင်ရလိုစိတ် ပြင်းထန်နေတယ်၊ အုပ်စုကတတက်ချင်နေတယ်၊ ထရီနီဒက်မှာ ဒွိုက်ယော့ပါပေမယ့် ဆွီဒင်ကို ယှဉ်နိုင်ဖို့မလွယ်ပါဘူး၊ ဂိုးပြတ်သွားနိုင်ပါတယ်။

အာဂျင်တီးနားနဲ့ အိုင်ဗရီကို့စ် ပွဲစဉ်ကတော့ အာဂျင်တီးနားတို့ အနိုင်ရမယ့်ပွဲပါ၊ အာဂျင်တီးနားတို့က ကမ္ဘာ့ဖလားရခဲ့ဖူးတဲ့အသင်းကြီးပါ၊ တစ်ဦးချင်းရောအသင်းလိုက်ပါ ကွာပါတယ်၊ ဒရော့ဘာ အိုင်ဗရီကို့စ်မှာပါပေမယ့် အာဂျင်တီးနားကို ခြေရည်တူကစားဖို့မလွယ်ပါဘူး၊ ဂိုးပြတ်မှာပါ။"

(မြန်မာ့အလင်း)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မိုဘိုင်းလ်ဖုန်းတီဗွီကြည့်သူ များလာမည်

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် မိုဘိုင်းလ်ဖုန်းတီဗွီများ ကမ္ဘာ့တစ်ဝန်းတွင် စမ်းသပ်အသုံးပြုလာနိုင်ကြောင်း အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲက ဖုန်းပိုင်ရှင်များအား ဘောလုံးပြိုင်ပွဲရသကို ပေးစွမ်းနိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းအစီရင်ခံချက်၌ ဖော်ပြသည်။

အစီရင်ခံ

လူပေါင်း သန်း ၂၁၀ တို့သည် ၂၀၁၁ခုနှစ် အရောက်တွင် မိုဘိုင်းလ်ဖုန်းတီဗွီများကြည့်နိုင်ကြလိမ့်မည်ဖြစ်ကြောင်း လေ့လာသူများက အစီရင်ခံဖော်ပြသည်။

စာမျက်နှာ ၇ ကော်လံ ၅ ❖

ကမ္ဘာ့ဖလားပွဲစတင်ဖွင့်လှစ် ရုပ်မြင်သံကြားမှကြည့်ရှုသူ တစ်ဘီလီယံခွဲခန့်ရှိမည်



ဘာလင် ဇွန် ၉

(၁၈)ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို ယနေ့ညနေပိုင်းက ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ကျင်းပခဲ့သည်။ **(ဝဲပုံ)**

အိမ်ရှင်ဂျာမနီအသင်းသည် အဖွင့်ပွဲစဉ်အဖြစ် ကော့စတာရီကာအသင်းနှင့် ပရိသတ်၅၉၀၀၀ဆံ့သည့် အဲလ်လီယန့်ခ် အားကစားကွင်းကြီး၌ ယှဉ်ပြိုင်ကစားသည်။

ကြည့်ရှုအားပေး

ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်တွင် ကမ္ဘာတစ်ဝန်းမှ အားကစားပရိသတ် ခန့်မှန်းခြေအားဖြင့် ရုပ်မြင်သံကြားမှ တစ်ဘီလီယံခွဲခန့် ကြည့်ရှုအားပေးကြလိမ့်မည်ဟုဆိုသည်။ **စာမျက်နှာ ၉ ကော်လံ ၅** ❒